# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ တော်သလင်းလဆန်း ၁၃ ရက်၊ ၂၀၀၆ ခုနှစ်၊ စက်တင်ဘာ ၄ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၅)၊ အမှတ် (၃၃၆)


**စစ်မှန်သော မျိုးချစ်စိတ်ဓာတ်**

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည် ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

# မန္တလေးတိုင်း ကျောက်ဆည်မြို့၌ အပ်ချုပ်စက် စက်ရုံ(တိုးချဲ့) ဖွင့်ပွဲအခမ်းအနားကျင်းပ

## ပြည်ပမှထုတ်လုပ်သည့်စက်များနှင့်တန်းတူ အရည်အသွေးမီ ဖြန့်ဖြူးနိုင်မည့်စက်ရုံဖြစ်

## အပ်ချုပ်စက်တစ်ခုလုံး၏ စက်အစိတ်အပိုင်းအားလုံး အစအဆုံးထုတ်လုပ်နိုင်ပြီ

**နေပြည်တော် စက်တင်ဘာ ၃**

အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း၏ အပ်ချုပ်စက် စက်ရုံ(တိုးချဲ့) ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂ရက် နံနက် ၈နာရီက မန္တလေးတိုင်း ကျောက်ဆည်မြို့ရှိ အဆိုပါစက်ရုံ၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် တက်ရောက်၍ မုခ်ဦးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ●





**ကြည့်ရှုစစ်ဆေး**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ကျောက်ဆည်မြို့ အပ်ချုပ်စက် စက်ရုံ(တိုးချဲ့)တွင် အပ်ချုပ်စက်အစိတ်အပိုင်းများ ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ် နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မား ရေးနှင့်ယဉ်ကျေးမှုအမွေအနှစ် များ၊အမျိုးသားရေး လက္ခဏာ များ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

**မြန်မာ့အလင်း** **အင်တာနက်သတင်းဓာတ်ပုံနှင့် အားကစားအညွှန်း**



ကိုယ်ဝန်ဆောင်မိခင်များ ဗီတာမင်အီး ပုံမှန်မစားသုံးလျှင် မွေးဖွားလာသောကလေးငယ်များ ပန်းနာရောဂါဖြစ်ပွားနိုင်

အင်တာနက်သတင်း (စာ-၆)

ယူရို ၂၀၀၈ ခြေစစ်ပွဲများ စတင်ယှဉ်ပြိုင် အင်္ဂလန်၊ စကော့တလန်နှင့် အိုက်စလန်တို့ အနိုင်ရ



ကမ္ဘာတစ်လွှား အားကစား (စာ-၁၃)

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

## အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်)

# အမျိုးသားညီလာခံသည် စစ်မှန်သော တွေ့ဆုံဆွေးနွေးပွဲကြီးဖြစ်သည်

တပ်မတော်အစိုးရသည် နိုင်ငံတော်ကို စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ကျင့်သုံးသောနိုင်ငံအဖြစ် ကူးပြောင်းထူထောင်ရန်အတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို တိကျခိုင်မာစွာ ချမှတ်ထားပြီးဖြစ်သည်။

ချမှတ်ထားသည့် မူဝါဒလမ်းစဉ်အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အမျိုးသားညီလာခံကျင်းပရေးသည် အရေးကြီးသည့်ကိစ္စရပ်တစ်ခုဖြစ်သည်။ အနာဂတ်တွင်ကျင့်သုံးမည့် ဒီမိုကရေစီစနစ်နှင့် အံဝင်ခွင်ကျဖြစ်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် မရှိမဖြစ် လိုအပ်ချက်ဖြစ်သည်။ ထိုကဲ့သို့ မရှိမဖြစ်လိုအပ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် နိုင်ငံသားအားလုံး၏ တာဝန်လည်းဖြစ်သည်။ ထို့ကြောင့် ယင်းတာဝန်ကို အောင်မြင်ပြီးမြောက်သည်အထိ ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်သည်။

၂၀၀၄ ခုနှစ် မေလမှစပြီး ပြန်လည်ကျင်းပလာခဲ့သည့် အမျိုးသားညီလာခံသည် တတိယအကြိမ်ရှိခဲ့ပြီး ဖြစ်သည်။ ယခု စတုတ္ထအကြိမ် အမျိုးသားညီလာခံကို ၂၀၀၆ ခုနှစ် အောက်တိုဘာလ ဒုတိယပတ်ခန့်တွင်ကျင်းပမည်ဖြစ်ရာ ယခင်ပြီးစီးခဲ့သော အမျိုးသားညီလာခံ၌ ညှိနှိုင်းဆွေးနွေး သဘောတူ ဆုံးဖြတ်ပြီးဖြစ်သည့် (က) လွှတ်တော်အချင်းချင်း ဆက်သွယ်ဆောင်ရွက်မှု၊ (ခ) တပ်မတော်ကဏ္ဍ၊ (ဂ) နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များ စသည့် ကဏ္ဍသုံးရပ်ကို အသေးစိတ်အခြေခံမူအဖြစ် ချမှတ်နိုင်မည်ဖြစ်သည်။ ချမှတ်ပြီးဖြစ်သည့် အခြေခံမူ ၁၀၄ ချက်မှ ကျန်ရှိသည့် အခန်းလိုက်ခေါင်းစဉ်များကိုလည်း ကိုယ်စားလှယ်များနှင့် ဆက်လက်တိုင်ပင်ဆွေးနွေးသွားကြမည် ဖြစ်သည်။

အမျိုးသားညီလာခံတွင် အစုအဖွဲ့ရှစ်ဖွဲ့ရှိပြီး လူထုလူတန်းစားအလွှာအသီးသီးမှ ပုဂ္ဂိုလ်များပါဝင်သည်။ အထူးသဖြင့် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့တွင် အင်အားအများဆုံးဖြစ်ပြီး တိုင်းအဆင့်၊ ခရိုင်အဆင့်မှသည် မြို့နယ်အဆင့်အထိ တိုင်းရင်းသားကိုယ်စားလှယ်များ ပါဝင်ကြသည်။ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့၌လည်း ဥပဒေဘောင်အတွင်း ဝင်ရောက်ပြီးဖြစ်ကြသည့် တိုင်းရင်းသားခေါင်းဆောင် ကိုယ်စားလှယ်များ ပါဝင်ကြသည်။ ကိုယ်စားလှယ် အင်အားပေါင်း တစ်ထောင်ကျော်ဖြင့် နိုင်ငံတော်၏ အနာဂတ်ရေးအတွက် ညှိနှိုင်းတိုင်ပင် ဆွေးနွေးဆုံးဖြတ်ကြသည့် အမျိုးသားညီလာခံကြီးသည် စစ်မှန်သော တွေ့ဆုံဆွေးနွေးပွဲကြီး ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် ချမှတ်ထားပြီး မူဝါဒလမ်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရင်း တစ်ဖက်မှလည်း ရေရှည်တည်တံ့ခိုင်မြဲမည့် ဒီမိုကရေစီနိုင်ငံတော်အဖြစ် ရပ်တည်သွားနိုင်ရန် အခြေခံလိုအပ်ချက်များဖြစ်သည့် နိုင်ငံတော် လုံခြုံရေး၊ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ စီးပွားရေးတောင့်တင်းခိုင်မာရေးနှင့် အသိပညာရှင်၊ အတတ်ပညာရှင်စသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ထွန်းရေးတို့ကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ အခြေခံအုတ်မြစ်ခိုင်ခံ့မှသာ ရေရှည်တည်တံ့ခိုင်မြဲသည့် ဒီမိုကရေစီနိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ထည်ထည်ဝါဝါ ရပ်တည်နိုင်မည်ဖြစ်ပေသည်။ ။

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ဗဟန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ပညာသင်ထောက်ပံ့ငွေ ချီးမြှင့်ခြင်းအခမ်းအနားကျင်းပ

ရန်ကုန် စက်တင်ဘာ ၃

**ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ပညာသင်ထောက်ပံ့ငွေချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက် ၁၁ နာရီခွဲက အထက(၂)ဗဟန်းကျောင်းခန်းမ၌ ကျင်းပသည်။**

### လုပ်ငန်းရှင်းလင်း

ရှေးဦးစွာ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ဖြူဖြူက အသင်း၏လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

### ချီးမြှင့်

ထို့နောက် အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်တင့်၊ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နီနီစိန် **(အပေါ်ယာပုံ)** နှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများအား ထောက်ပံ့ငွေများ ချီးမြှင့်သည်။

ပညာသင်ထောက်ပံ့ပေးမှုမှာ မူလတန်း ၉၄ ဦး၊ အလယ်တန်း ၈၈ ဦး၊ အထက်တန်း ၁၁ ဦး၊ တက္ကသိုလ်လေးဦး စုစုပေါင်း ကျောင်းသားကျောင်းသူ ၁၉၇ ဦးတို့ အတွက် ငွေကျပ် ၁၁ သိန်းကျော် ထောက်ပံ့ခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## မြဝတီရုပ်မြင်သံကြား

**၄-၉-၂၀၀၆ (တနင်္လာနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | မြဝတီအဖွင့် |
| ၇:၀၅ | ၂။ | အဖွင့်သီချင်း |
| ၇:၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇:၂၀ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇:၃၀ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇:၄၅ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ် |
| ၇:၅၀ | ၇။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈:၀၀ | ၈။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈:၁၀ | ၉။ | ဖွံ့ဖြိုးသာယာ ပြည်မြန်မာ |

**ညပိုင်း**

| | | |
|---|---|---|
| ၄:၀၀ | ၁။ | မြဝတီအဖွင့် |
| ၄:၀၅ | ၂။ | အဖွင့်သီချင်း |
| ၄:၁၅ | ၃။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၄:၃၀ | ၄။ | ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၄:၅၀ | ၅။ | မျိုးချစ်တပ်မတော် |
| ၅:၁၀ | ၆။ | ကြည်နူးရွှင်ပျော်တေးသရုပ်ဖော် |
| ၅:၃၀ | ၇။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၆:၀၀ | ၈။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆:၁၀ | ၉။ | နိုင်ငံတကာသတင်း |
| ၆:၂၀ | ၁၀။ | မိုးလေဝသသတင်း |
| ၆:၂၅ | ၁၁။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၆:၃၅ | ၁၂။ | လျှပ်တစ်ပြက် |
| ၇:၀၀ | ၁၃။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သံယောဇဉ်"**(အပိုင်း-၁၃) |
| ၈:၀၀ | ၁၄။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၅။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၁၆။ | မေးမြန်းစူးစမ်း |
| | ၁၇။ | သံဃာ့ဂုဏ်ရည်မြတ်လယ်တီ လယ်တီဥသျှောင်ထွတ်ဘုန်းခေါင် |
| | ၁၈။ | ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် |
| | ၁၉။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မြိုင်ဟောဝန်ကသိုင်းလုလင်"** (ဒုတွဲ) (အပိုင်း-၂၁) |

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၄-၉-၂၀၀၆ (တနင်္လာနေ့)**

| | |
|---|---|
| ၇:၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇:၀၅ | လေယာဉ်စီးပြီး ဝေဟင်ခရီးသွားကြရအောင် |
| ၇:၂၀ | မံဆောင်းတံတား |
| ၇:၂၅ | တေးဂီတအစီအစဉ် |
| ၇:၃၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၇:၄၀ | Hand Made Designs |
| ၈:၁၀ | တေးဂီတအစီအစဉ် |
| ၈:၁၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၈:၂၀ | မြန်မာနိုင်ငံရဲ့ စပါးကျီ တိုင်းဧရာဝတီ |
| ၈:၃၀ | တေးဂီတအစီအစဉ် |
| ၈:၃၅ | မိုးလေဝသခန့်မှန်းချက် |
| ၈:၄၀ | The Game Guide (Need For Speed) |
| ၉:၁၅ | တေးဂီတအစီအစဉ် |
| ၉:၂၀ | သွက်လက်ဆန်းသစ် မိုင်းတုံ Jeep |
| ၉:၃၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၉:၄၅ | လှပသစ်ဆန်းအလှပြင်ခန်း (သမီးတော် Beauty Saloon) |
| ၉:၅၅ | တေးဂီတအစီအစဉ် |
| ၁၀:၀၀ | ကျေးဇူးတင်ပါတယ် ဒီအိုတီအက်စ် (လွင်မိုး၊ ထွန်းထွန်းဝင်း၊ အိန္ဒြာကျော်ဇင်၊ခင်သန်းနွယ်) |
| ၁၀:၂၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀:၂၅ | Music Talk (Hip Hop) |
| ၁၁:၀၅ | တေးဂီတအစီအစဉ် |
| ၁၁:၁၀ | မြွေအန္တရာယ်နှင့် မြွေကိုက်ခံရလျှင် လိုက်နာဆောင်ရွက်သင့်သည့် အချက်များ |
| ၁၁:၃၀ | တေးဂီတအစီအစဉ် |
| ၁၁:၃၅ | သဘာဝကပေးတဲ့ အကျိုးအာနိသင် |
| ၁၁:၅၅ | တေးဂီတအစီအစဉ် |
| ၁၂:၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**



# လားရှိုးမြို့ ကုန်သည်ကြီးများကုမ္ပဏီထူထောင်ရေး ဆွေးနွေးပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၃

**လားရှိုးမြို့ရှိ ကုန်သည်ကြီးများက ကုမ္ပဏီထူထောင်၍ ကုန်သွယ်မှုလုပ်ငန်းများ ပြုလုပ်နိုင်ရေးဆွေးနွေးပွဲကို ဩဂုတ် ၁၉ ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ မိုတယ်ခန်းမ၌ကျင်းပရာ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးကျော်ရွှေက ယခုကဲ့သို့ဆွေးနွေးပွဲပြုလုပ်ခြင်းဖြင့် နယ်မြေခံကုန်သည်များနှင့် တာဝန်ရှိသူများတိုက်ရိုက်ထိတွေ့နိုင်ပြီး သိရှိလိုသည့်အချက်များကို ကိုယ်တိုင်ကိုယ်ကျ မေးမြန်းဆွေးနွေးနိုင်ခြင်းနှင့် ကုန်သွယ်ရေးကိစ္စရပ်များ ပိုမိုကျယ်ပြန့်လာစေရန် ရည်ရွယ်ပြုလုပ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။**

### ဆွေးနွေး

ထို့နောက် နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးစံပြည့်က နယ်စပ်ကုန်သွယ်ရေးနည်းလမ်းနှင့် ပုံမှန်ကုန်သွယ်ရေးနည်းလမ်းတို့ဖြင့် ကုန်သွယ်မှု ဆောင်ရွက်သည့်ကိစ္စရပ်များ၊ One Stop Services အဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေ၊ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်၏ လုပ်ငန်းအခြေအနေနှင့် နယ်မြေခံပြည်သူများအနေဖြင့် ကုမ္ပဏီများထူထောင်ပြီး ကုန်သွယ်မှုလုပ်ကိုင်ရာတွင် နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနက လုပ်ငန်းအစအဆုံးတာဝန်ရောစေတနာပါ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

### ပြန်လည်ရှင်းလင်းဖြေကြား

ဆက်လက်၍ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများက ကုမ္ပဏီဖွဲ့စည်းရေးကိစ္စရပ်များကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးကြပြီး နယ်မြေခံကုန်သည်ကြီးများက သိရှိလိုသည့် အချက်များကို မေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

### ဖွဲ့စည်းပေးသွားမည်

ယင်းနောက် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)အတွင်းရေးမှူးက လုပ်ငန်းများတူညီမှုကိုစုစည်းပြီး ကုမ္ပဏီများကို ထူထောင်ဖွဲ့စည်းပေးသွားမည်ဖြစ်ကြောင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကုန်သည်ကြီးများအသင်းသည် မကြာမီကာလတွင် ခိုင်ခိုင်မာမာဖြင့် ဖြစ်ပေါ်လာတော့မည်ဖြစ်ကြောင်းဖြင့် နိဂုံးချုပ်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ကျောက်ဆည်မြို့ အပ်ချုပ်စက် စက်ရုံ(တိုးချဲ့)၏ မုခ်ဦးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။** (သတင်းစဉ်)

● **ရှေ့ဖုံးမှ**

## တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ အမှတ်(၁) စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အိန္ဒိယသမ္မတနိုင်ငံ သံရုံးမှ တာဝန်ရှိသူများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စက်ရုံမှူးနှင့် ဝန်ထမ်းများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ တိုးချဲ့စက်ရုံဖွင့်ပွဲအခမ်းအနားကို စက်ရုံ၏မုခ်ဦးရှေ့၌ ကျင်းပရာ ရှေးဦးစွာ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအေးမောက်နှင့် ကျောက်ဆည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်အုန်းတို့က အပ်ချုပ်စက် စက်ရုံ (တိုးချဲ့)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

## စက်ခလုတ်နှိပ်ဖွင့်လှစ်

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က စက်ရုံ၏ မုခ်ဦးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် တိုးချဲ့စက်ရုံအတွင်း အပ်ချုပ်စက်အစိတ်အပိုင်းများ ထုတ်လုပ်နေမှုကိုလည်းကောင်း၊သံရည်ကျိုဌာနနှင့် ကုန်ထုတ်ဌာနများတွင် အပ်ချုပ်စက်ပစ္စည်း အမျိုးအစားအလိုက် အဆင့်ဆင့် ထုတ်လုပ်တပ်ဆင် ဆောင်ရွက်နေမှုများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်အား စက်ရုံခန်းမဆောင်၌ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအေးမောက်က အပ်ချုပ်စက်စက်ရုံ(ကျောက်ဆည်)၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

## တစ်ခုတည်းသောစက်ရုံ

ယင်းနောက်နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အမှာစကားပြောကြားရာတွင် အမှတ် (၁) စက်မှုဝန်ကြီးဌာန လက်အောက်ရှိ ယခု အပ်ချုပ်စက်စက်ရုံသည် ပြည်သူပြည်သားတို့၏ နေ့စဉ်နှင့်အမျှ ဝတ်ဆင်နေကြရသည့်အဝတ်အထည်များကို ချုပ်လုပ်ပေးရာ၌ အရေးပါသည့် အိမ်သုံးအပ်ချုပ်စက်များ၊ အပ်ချုပ်စက်အစိတ်အပိုင်းများကို ထုတ်လုပ်ပေးသည့် တစ်ခုတည်းသော စက်ရုံဖြစ်ကြောင်း။

မြန်မာနိုင်ငံ၏ လူတန်းစားမရွေး အိမ်တွင်းချုပ်လုပ်မှု လုပ်ငန်းများ၊ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများတွင် သုံးစွဲနိုင်သော အပ်ချုပ်စက်တစ်လုံး၏ အစိတ်အပိုင်းအားလုံးကို ဤစက်ရုံကြီးကနေပြီး ထုတ်လုပ်သွားနိုင်တော့မည်ဖြစ်၍ အရည်အသွေးမီ ပြည်တွင်းဖြစ် ဈေးနှုန်းချိုသာသော အပ်ချုပ်စက်နှင့် စက်တစ်လုံး၏ မည်သည့်အစိတ်အပိုင်းပင်ပျက်ပျက် စက်အစိတ်အပိုင်းများကို လွယ်လင့်တကူ ဝယ်ယူအစားထိုး သုံးစွဲနိုင်ကြတော့မည်ဖြစ်ကြောင်း။

## ထုတ်ကုန်အမည်သစ်

ပြည်ပသွင်းကုန် အစားထိုး ဆောင်ရွက်နိုင်ရန်၊ အလုပ်အကိုင်အခွင့်အလမ်းသစ်များ ပေါ်ပေါက်စေရန်၊ ဒေသဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေရန်၊ ခေတ်မီနည်းပညာသစ်များကိုအခြေခံ၍ အရည်အသွေးကောင်းမွန်သော ထုတ်ကုန်အမည်သစ်များ တိုးချဲ့ထုတ်လုပ်ရန်နှင့် ပြည်သူအများ ဝင်ငွေတိုးတက်ရရှိရေးကို အထောက်အကူဖြစ်စေရန်ဆိုသည့် ရည်ရွယ်ချက်များနှင့် ၂၀၀၃ ခုနှစ် ဇန်နဝါရီ ၂၇ ရက်တွင် အပ်ချုပ်စက် စက်ရုံကို စတင် ထူထောင်ဖွင့်လှစ်နိုင်ခဲ့ပြီး မူလစက်ရုံအနေဖြင့် အပ်ချုပ်စက်ပစ္စည်း ၅၇မျိုးအနက် ၂၂မျိုးကို စတင်ထုတ်လုပ်နိုင်ခဲ့သည်ဟု သိရကြောင်း၊ ၎င်းနောက် စက်ရုံရှိ ကျွမ်းကျင်ဝန်ထမ်းများ၏ ကြိုးပမ်းဆောင်ရွက်မှုဖြင့် ပစ္စည်းငါးမျိုး ပါဝင်သည့် အပ်ချုပ်စက်အောက်ခံကိုယ်ထည်ကို ထုတ်လုပ်နိုင်ခဲ့၍ စုစုပေါင်း ၂၇မျိုး ထုတ်လုပ်နိုင်ခဲ့ကြောင်း။

အပ်ချုပ်စက်တစ်ခုလုံးအစအဆုံး ထုတ်လုပ်ရန်ရည်ရွယ်ချက်ဖြင့် ထပ်မံလိုအပ်သည့် အပ်ချုပ်စက် အစိတ်အပိုင်း အမျိုး ၃၀ တိုးချဲ့ ထုတ်လုပ်ရန်အတွက် စက်ပစ္စည်းများ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်အတွင်း တိုးချဲ့တပ်ဆင်ခဲ့ကြောင်း။

## အစအဆုံးထုတ်လုပ်နိုင်

၂၀၀၅-၂၀၀၆ဘဏ္ဍာရေးနှစ်အစမှ အစပြု၍ ပစ္စည်းအစိတ်အပိုင်း ၅၇ မျိုးလုံး ထုတ်လုပ်နိုင်ပြီဖြစ်၍ ပြည်ပကုန်ကြမ်းမှလွဲ၍ ဝယ်ယူရန်မလိုအပ်တော့ဘဲ အပ်ချုပ်စက်တစ်စုံလုံး အစအဆုံး ထုတ်လုပ်နိုင်ပြီဖြစ်ကြောင်း၊ ထို့ကြောင့် ဤစက်ရုံသည် မြန်မာပြည်မှာ တစ်ခုတည်းသော အစအဆုံး အစိတ်အပိုင်း ၅၇မျိုးစလုံး ထုတ်လုပ်နိုင်သော အပ်ချုပ်စက်စက်ရုံကြီးအဖြစ် ပေါ်ထွန်းလာပြီဖြစ်ကြောင်း။

ယခုကဲ့သို့ပြည်တွင်းမှာ အောင်အောင်မြင်မြင်ဖြင့် ထုတ်လုပ်လာနိုင်ခြင်းအတွက် နိုင်ငံခြားငွေ ချွေတာနိုင်ခြင်း၊ အပ်ချုပ်စက်နှင့် စက်အစိတ်အပိုင်းများ သွင်းကုန်အစားထိုးပစ္စည်းများ ထုတ်လုပ်လာနိုင်ခြင်းအတွက် ပြည်ပမှထုတ်လုပ်သည့်စက်များနှင့် တန်းတူ အရည်အသွေး အဆင့်မီ ဖြန့်ဖြူးသွားနိုင်မည့် တစ်ခုတည်းသော စက်ရုံကြီးတစ်ရုံ ဖြစ်ထွန်းလာပြီဟု ယုံကြည်ကြောင်း။

## နိုင်ငံတကာအဆင့်မီ

ရည်ရွယ်ချက်မှာ ကျေးလက်နေ ပြည်သူအများ လွယ်လင့်တကူ ဈေးနှုန်းချိုသာစွာဖြင့် နိုင်ငံတကာ အဆင့်မီ အပ်ချုပ်စက်များ ဝယ်ယူပြီး တစ်နိုင်တစ်ပိုင်ဝင်ငွေတိုးမြင့်ရရှိစေရေးနှင့် အိမ်တိုင်းစေ့ အသုံးပြုနိုင်ရေးဖြစ်ကြောင်း၊ ရေရှည်တွင် ပုဂ္ဂလိကများနှင့် အကျိုးတူပူးပေါင်းပြီး ဖက်စပ်ကုမ္ပဏီများ တည်ထောင်လုပ်ကိုင်ရန် မျှော်မှန်းထားကြောင်း။

နိဂုံးချုပ်အားဖြင့် ယခုအပ်ချုပ်စက်တစ်ခုလုံး၏ စက်ပစ္စည်းမျိုး၃၀ (တိုးချဲ့) စီမံကိန်းကာလအတွင်း ကိုယ်စွမ်းဉာဏ်စွမ်းဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြသည့် ဒေသဆိုင်ရာ အာဏာပိုင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များနှင့် စက်ပစ္စည်းပေးသွင်းခဲ့သော အိန္ဒိယနိုင်ငံ Luxmi International Limited နှင့် ကျွမ်းကျင်သူပညာရှင်များအား အထူး ကျေးဇူးတင်ရှိပါကြောင်းနှင့် စက်ရုံဝန်ထမ်းများ အားလုံးတို့က စက်ရုံရေရှည်တည်တံ့နိုင်ရေးအတွက် အရည်အသွေးစံချိန်မီ အပ်ချုပ်စက်များ ထုတ်လုပ်မှုကို တာဝန်သိစိတ်ဓာတ်ဖြင့် ကြိုးကြိုးစားစား ကြံဆ ထုတ်လုပ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် တိုက်တွန်းပြောကြားသွားသည်။

ဆက်လက်၍ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က အပ်ချုပ်စက်စက်ရုံ(တိုးချဲ့) ဖွင့်လှစ်နိုင်ခြင်းနှင့်စပ်လျဉ်း၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

## ကျေးဇူးတင်စကားပြော

ထို့နောက် အပ်ချုပ်စက် စက်ရုံ (တိုးချဲ့)ကို တည်ဆောက်ဖွင့်လှစ်ပေးခြင်းအတွက် နိုင်ငံတော်အစိုးရအား ကျေးဇူးတင်ရှိပါကြောင်းကို ဒေသခံပြည်သူများကိုယ်စား ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

## လက်ခံယူ

ယင်းနောက် စက်ရုံမှူး ဦးသန်းဦးက စက်ရုံဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် ကျောက်ဆည်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့အတွက် အလှူငွေကျပ်တစ်သိန်းစီကိုလည်းကောင်း၊ ကျောက်ဆည်ခရိုင် အထွေထွေရောဂါကုဆေးရုံအတွက် Wheel Chair ကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ သက်ဆိုင်ရာတာဝန်ရှိသူ အသီးသီးတို့က လက်ခံယူကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

# တောင်ငူနှင့်မဒေါက်မြို့ စိုးရိမ်ရေမှတ် အထက်တည်ရှိ

ရန်ကုန် စက်တင်ဘာ ၃

**စစ်တောင်းမြစ်ရေသည် ယနေ့နံနက် ၆နာရီခွဲ တိုင်းထွာချက်များအရ တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ၆၂၃စင်တီမီတာနှင့် ၁၇၇၁ စင်တီမီတာသို့ အသီးသီးရောက်ရှိနေကြသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈နာရီအတွင်း ယင်းမြို့တို့၏ စိုးရိမ်ရေမှတ်များ စင်တီမီတာ၆၀၀နှင့် စင်တီမီတာ ၁၀၇၀အထက်တွင် ဆက်လက်တည်ရှိနိုင်သည်ဟု သိရသည်။** (မြန်မာ့အလင်း)

# တရား 'သတိ' ထွန်းကာညို့၍

- အမွန်ဗောဓိ၊ တုမရှိသည်
'သတိ'နှင့် ယှဉ်၊ ဉာဏ်စက်ရွှင်၍
သုံးခွင်လူနတ်၊ ဆည်းကပ်အားထား
ဘုရားစင်စစ်၊ အမှန်ဖြစ်ခဲ့။
- ဘုရားဖြစ်သော်၊ သုံးဖော်လူနတ်
အငြိမ်းဓာတ်ဖြင့်၊ လှမ်းကပ်နိဗ္ဗာန်
ရောက်ဖို့ရန်တွက်၊ မြဲမြံ 'သတိ'
ခိုင်ခိုင်ရှိရန်၊ သတိပဋ္ဌာန်တရား
မနားမနေ၊ ဟောကြားပေခဲ့။
- ပရိနိဗ္ဗာန်၊ စံမည့်ဆဲဆဲ
ခိုင်မြဲ 'သတိ'၊ အစဉ်ရှိရန်
မှာကြားပြန်ခဲ့။
- ဘဝတစ်လျှောက်၊ မဖောက်မပြန်
မြဲမြံ 'သတိ'၊ ပုံမှန်ရှိ၍
သတိသည်သာ၊ အရာရာဟု
ကောင်းစွာညွှန်ပြ၊ မြတ်ဗုဒ္ဓ၏
ဓမ္မအဖြေ၊ ဖြစ်ရပ်တွေသည်
များထွေစုံလှ ဤလောက။
- 'သတိ'လွတ်ကင်း၊ ခဏချင်း၌
သက်ဆင်းရောက်ရ၊ ကျွန်ဘဝကို
ကြုံရတွေ့ရ၊ များလှဖြစ်အင်
လူ့ခွင်တစ်လွှား၊ အဖြစ်များလည်း
ရှိထားများစွာ လောကီမှာ။
- လောကုတ်လောကီ၊ နှစ်လီကျိုးပွား
မြတ်ဘုရား၏၊ တရား 'သတိ'
အရှိသက်သေ၊ မှန်ဖြစ်ထွေကို
စေ့ရေခြင်းငှာ မစွမ်းသာ။
- ဝေနေယျာကို၊ ကရုဏာရှေ့သွား
မေတ္တာအားဖြင့်၊ ဟောကြားညွှန်ပြ
ထိုဓမ္မဂုဏ်၊ ကျေးဇူးဂုဏ်ကို
တုံ့ပြန်သောအား၊ မြန်မာများသည်
တရား 'သတိ'၊ ထွန်းကာညို့၍
ဗောဓိသခင်၊ ထေရ်အရှင်ကို
ဦးတင်ပူဇော် အပ်ပါ၏ဘုရား။ ။

**ရွှန်းမြအောင်**

# ပုပ္ပားကျောင်း အဘိဓမ္မာနဲ့အောင်ပွဲကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၃**

ရန်ကုန် ထောက်ကြန့် ပုပ္ပားကျောင်းတိုက် နာယကဆရာတော် (မဟာသဒ္ဓမ္မ ဇောတိကဓဇ) ဘဒ္ဒန္တပဏ္ဍိစ္စ ကြီးမှူး၍ (၅၄)ကြိမ်မြောက် အဘိဓမ္မာနဲ့အောင်ပွဲကို ၁၃၆၈ခု တော်သလင်းလပြည့်ကျော် ၂ရက်မှ ၁၂ရက် (စက်တင်ဘာ ၈ရက်မှ ၁၈ရက်)အထိ ကျင်းပဖြစ်ရာ ဒုလ္လဘ ၁၀၈ပါး ရဟန်းခံပွဲ၊ သက်ကြီးပူဇော်ပွဲ၊ သတ္တဝါဘေးမဲ့လွှတ်ပွဲ၊ ပါရမီ ၁၀ပါးပြုကျင့်ပွဲ၊ မဟာသတိပဋ္ဌာန် ဝိပဿနာ တရားစခန်းပွဲ၊ (မဟာသဒ္ဓမ္မဇောတိကဓဇ) ဘဒ္ဒန္တပဏ္ဍိစ္စအား သိက္ခာထပ်ပွဲများ ကျင်းပမည်ဖြစ်သည်။ အဘိဓမ္မာနဲ့တရားစခန်းဝင်လိုသူများသည် တော်သလင်းလပြည့်ကျော်၂ရက် မွန်းတည့်၁၂နာရီ အရောက်လာကြရန်နှင့် ကန်တော့ပွဲတစ်ပွဲ ကျပ် ၁၅၀၀၊ အသက်လွှတ် အရဏ်ဆွမ်းတစ်ရက်စာ ကျပ်၂၀၀၀၀၊ နေ့ဆွမ်းတစ်ရက်စာ ကျပ် ၃၀၀၀၀၊ အချိုပွဲ တစ်ရက်စာ ကျပ် ၁၀၀၀၀ များကို ပုပ္ပား ကျောင်းဝေယျာဝစ္စအဖွဲ့ ဖုန်း-၆၀၀၀၂၈၊ ဦးညွှန့်မောင် ဖုန်း-၆၀၀၂၁၄ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(က-ပ)**



**ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီရုံးခန်းတွင် အမှတ်၄၄၀ မြေညီထပ် ကုန်သည်လမ်း ဗိုလ်တထောင်မြို့နယ်နေ အဖ ဦးပိုရန်၊ အမိ ဒေါ်ရွှေရင်နှင့် သား ဦးသန်းတင်၊ ကိုကျော်ဝင်းတို့အား ရည်စူး၍ ညီအစ်ကိုမောင်နှမ သားသမီးတစ်စုက ငွေကျပ်တစ်သိန်းနှင့် ဒေါ်ခင်ခင် မိသားစုတို့က ငွေကျပ်တစ်သိန်းကို ကျောင်းဖြစ်မြောက်ရေးကော်မတီ အတွင်းရေးမှူး ဦးမောင်မောင်မြင့်ထံ ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

# ရွာရန်ရာနှုန်း ၆၀

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။**

# လုံခြုံရေးကောင်စီဆုံးဖြတ်ချက် အကောင်အထည်ဖော်ရေး ဆီးရီးယားကူညီမည်ဟု သမ္မတအာဆတ် ကတိပြု

ဒမတ်စကတ် စက်တင်ဘာ ၃

**လက်နက်ပုန်းခိုးသွင်းမှု တားမြစ်ချက်အပါအဝင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ လက်ဘနွန်ဆိုင်ရာ ဆုံးဖြတ်ချက် အကောင်အထည်ဖော်ရေးတွင် ကူညီဆောင်ရွက်ပါမည်ဟူသော ဆီးရီးယားသမ္မတ အာဆတ်၏ ကတိကို ရရှိလိုက်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအန်နန်က သောကြာနေ့တွင် ထုတ်ဖော်ပြောကြားသည်။**

ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အမှတ် (၁၇၀၁)ကို ဆီးရီးယားနိုင်ငံက ထောက်ခံကြောင်း၊ ဆုံးဖြတ်ချက် အကောင်အထည်ဖော်ရေးတွင် ကူညီမည်ဖြစ်ကြောင်း ဆီးရီးယားသမ္မတအာဆတ်က မိမိအားအကြောင်းကြားသည်ဟု ဒမတ်စကတ်မြို့၌ သမ္မတ အာဆတ်နှင့် တွေ့ဆုံအပြီးတွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ပြောကြားလိုက်သည်။



**ဆီးရီးယား သမ္မတ အာဆတ်**

### အသင့်ရှိ

ဆီးရီးယားက နယ်စပ်လုံခြုံရေးကို အင်အားဖြည့်မည်ဖြစ်သည့်အပြင်လက်ဘနွန်တပ်ဖွဲ့ဝင်များနှင့်အတူ ပူးတွဲကင်းလှည့်ရန်အသင့်ရှိကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအန်နန်က ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

# မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

# ဗီယက်နမ်၌ ဇီဝလောင်စာဆီ ထုတ်လုပ်ရေးဆောင်ရွက်

ဟန္နိုင်း စက်တင်ဘာ ၃

**ဗီယက်နမ်နိုင်ငံသည် ယခုနှစ်မှ လာမည့်၂၀၂၀ ပြည့်နှစ်တွင် လောင်စာစွမ်းအင် ဖူလုံစေရေး၊ ပတ်ဝန်းကျင် တိုးတက်ကောင်းမွန်စေရေးနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် ပိုမိုဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်အတွက် ဇီဝလောင်စာစွမ်းအင် ထုတ်လုပ်မှုကို တိုးတက်ဆောင်ရွက်မည်ဖြစ်ကြောင်း ဗီယက်နမ်နိုင်ငံ စက်မှုဝန်ကြီးဌာနက ဩဂုတ် ၃၁ရက်၌ ပြောကြားလိုက်သည်။**

ဗီယက်နမ်နိုင်ငံတွင် ၂၀၀၆မှ ၂၀၁၀ ပြည့်နှစ်အတွင်း ဇီဝလောင်စာဆီ ထုတ်လုပ်နိုင်အောင် ဆောင်ရွက်မည်ဖြစ်ပြီး ပြည်သူများအနေဖြင့် ဇီဝလောင်စာစွမ်းအင်နှင့် ပတ်သက်သော အသိပညာများ ရရှိရေးကိုလည်း ဗီယက်နမ်နိုင်ငံ သိပ္ပံနှင့် နည်းပညာဌာနက ဆောင်ရွက်သွားမည်ဖြစ်သည်။

### ကြိုးစားမည်

ဇီဝလောင်စာဆီ ထုတ်လုပ်ရေးကို အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် ဖွံ့ဖြိုးအောင်လည်း ကြိုးစားသွားမည်ဖြစ်ရာ ထိုသို့ ဇီဝလောင်စာဆီ ထုတ်လုပ်မှုကို ၂၀၁၁ ခုနှစ်နှင့် ၂၀၁၅ခုနှစ်တွင် စတင်ဖြန့်ဖြူးသွားနိုင်အောင် ကြိုးစားသွားမည်ဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

# လေဟုန်စီး၍ တူရိယာတီးမှုတ် ဂင်းနက်စ်မှတ်တမ်းဝင်ရန် ကြိုးပမ်း

ဆွစ်ဇာလန် စက်တင်ဘာ ၃

**ဆွစ်ဇာလန်နိုင်ငံ အနောက်တောင်ပိုင်း ဖစ်ချ်မြို့တွင် ထရမ်ပက် လေမှုတ်ကြေးတူရိယာ တီးဝိုင်းအဖွဲ့ဝင်များက ဝတ်စုံအဆန်းအပြားများ ဝတ်ဆင်ပြီး လေမှုတ်ကိရိယာမှုတ်ကာ လေထီးဖြင့်လေဟုန်စီး၍** (အောက်ပုံ) **စက်တင်ဘာ၂ရက်တွင် ကမ္ဘာ့ဂင်းနက်စ်မှတ်တမ်းဝင်ရန် ကြိုးပမ်းခဲ့သည်။**

လေထဲတွင် တူရိယာသမား အများအပြားနှင့် လေထီးဖြင့်လေဟုန်စီးပြီး သံစဉ်ညီညီ တစ်ပြိုင်နက်တည်း တီးမှုတ်နိုင်ရန်ဖြစ်သည်။ ထိုဂီတသမား ၂၁ဦးက လေထီးဖြင့် လေဟုန်စီးကာ တူရိယာများကို တီးမှုတ်ပြီး ဂင်းနက်စ်စာအုပ်မှတ်တမ်းဝင်ရန် ကြိုးပမ်းခဲ့ကြသည်။

ဖစ်ချ်မြို့သည် လေထီးဖြင့် လေဟုန်စီးရန် ဝါသနာရှင်များ သွားရောက်လိုသည့် ကျော်ကြားသော နေရာတစ်ခုဖြစ်သည်။ **(အင်တာနက်)**



# လကမ္ဘာစူးစမ်းရေးဂြိုဟ်တု လုပ်ငန်းအဆုံးသတ်

**လန်ဒန် စက်တင်ဘာ ၃**

ဥရောပ၏ လကမ္ဘာစူးစမ်းရေး စမတ်-၁ဂြိုဟ်တုသည် လ၏မျက်နှာပြင်ကို အရှိန်ပြင်းစွာ ဝင်တိုက်ပြီးနောက် ယင်း၏ လကမ္ဘာစူးစမ်းရေး အစီအစဉ်ကို အဆုံးသတ်တော့မည်ဖြစ်သည်။ ၁၆လကြာ လေ့လာခဲ့သည့် စမတ်-၁ဂြိုဟ်တုက လ၏ဓာတုဆိုင်ရာ ဖွဲ့စည်းမှု အသေးစိတ်ဓာတ်ပုံများကို ထုတ်ပေးခဲ့သည်။ တစ်ချိန်တည်းမှာပင် အာကာသဆိုင်ရာ နည်းပညာများကို စမ်းသပ်ခဲ့သည်။

စမတ်-၁ဂြိုဟ်တုကို နည်းပညာစမ်းသပ်ကိရိယာအဖြစ် ၂၀၀၃ ခုနှစ် စက်တင်ဘာလတွင် လွှတ်တင်ခဲ့သည်။ ယင်းဂြိုဟ်တုသည် လ၏ တောင်ပိုင်း လတ္တီတွဒ် အလယ်ပိုင်းသို့ တစ်နာရီလျှင် မိုင်၄၅၀၀နှုန်းဖြင့် တနင်္ဂနွေနေ့ ဂရင်းနစ်စံတော်ချိန် ၀၅း၄၃ နာရီတွင် ဆင်းသက်မည်ဖြစ်သည်။ **(အင်တာနက်)**

# အစ္စရေးနယ်စပ်၌ လက်ဘနွန်တပ်ဖွဲ့ဝင်များ စခန်းချ

**မာဂျီဒီယာ စက်တင်ဘာ ၃**

လက်ဘနွန် တပ်ဖွဲ့ဝင်များသည် ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့ ဝင်များလိုက်ပါလျက် ဆယ်စုနှစ်များအတွင်း ပထမဆုံးအကြိမ်အဖြစ် အစ္စရေးနယ်စပ်တွင် ကြာသပတေးနေ့က တပ်စွဲစခန်းချလိုက်ကြသည်။

### ဖြန့်ကြက်ချထား

လက်ဘနွန်နိုင်ငံတောင်ပိုင်းအရှေ့ဘက်ရှိ မာဂျီဒီယာနယ်စပ် ကျေးရွာတွင် သံချပ်ကာ ယာဉ်နှစ်စီး၊ ထရပ်ကားလေးစီးဖြင့် ရောက်လာကြသည့် လက်ဘနွန်တပ်ဖွဲ့ဝင်များကို ဖြန့်ကြက် ချထားလိုက်သည်။

### ကြေညာ

လက်ဘနွန်တပ်ဖွဲ့ဝင်များ စီးနင်းလိုက်ပါသည့် ယာဉ်တန်းနောက်တွင် ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်များသည် ကုလသမဂ္ဂယာဉ်တစ်စီးဖြင့် လိုက်ပါလာကြသည်။ အစ္စရေးတပ်ဖွဲ့ဝင်များ ရုပ်သိမ်းပြီးနောက် တစ်နေ့တွင် လက်ဘနွန်တပ်ဖွဲ့ဝင်များကို ထိုဒေသအတွင်း စတင်ဖြန့်ကြက်ချထားခြင်း ဖြစ်ကြောင်း ကုလသမဂ္ဂယူနီဖီးလ်က ကြေညာသည်။ **အမ်အင်အေ၊ရိုက်တာ**

# ဇမ်ဘီဇီမြစ်ပေါ်၌ တံတားတည်ဆောက်မည်

**လူဆာကာ စက်တင်ဘာ ၃**

ဇင်ဘာဘွေ၊ ဇမ်ဘီယာနှင့် ဘော့ဆွာနာ သုံးနိုင်ငံတို့သည် ဆက်စပ်လျက်ရှိသော ဇမ်ဘီဇီမြစ်ပေါ်တွင် တံတားတစ်စင်း တည်ဆောက်ရေးအတွက် သုံးနိုင်ငံနားလည်မှု စာချွန်လွှာတစ်ရပ်ကို ဩဂုတ် ၂၈ရက်၌ သဘောတူလက်မှတ်ရေးထိုးလိုက်သည်။

ထိုသဘောတူ လက်မှတ်ရေးထိုးမှုကို ဇမ်ဘီယာသမ္မတလေဗီအမ်ဝါနာဝါဆာ၊ ဇင်ဘာဘွေသမ္မတ ရောဘတ်မူဂါဘီနှင့် ဘော့ဆွာနာသမ္မတ ဖက်စ်တုစ်မိုဂါအီတို့က ဇင်ဘာဘွေနိုင်ငံ ဟာရာရေးမြို့တွင် လက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်သည်။ ယခုတံတားတည်ဆောက်မှုသည် ဒေသအတွင်း ကုန်သွယ်ရေးပိုမို ဖြစ်ထွန်းစေရန်နှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် သုံးနိုင်ငံဆက်စပ်နေသော အဆိုပါတံတားကိုတည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။ တံတားတည်ဆောက်ရေးနှင့်ပတ်သက်၍ သုံးနိုင်ငံပူးတွဲကော်မတီ ဖွဲ့စည်းမည်ဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

# လေယာဉ်ပေါ်၌ အိပ်ပျော်ခဲ့သော မိန်းကလေး နေရပ်နိုင်ငံသို့ လေယာဉ်ဖြင့် ပြန်ရောက်လာ

**ဆိုဖီယာ စက်တင်ဘာ ၃**

မော်လ်တာနိုင်ငံမှ ဘူလ်ဂေးရီးယားနိုင်ငံသို့ လေကြောင်းခရီးစဉ်ဖြင့် ထွက်ခွာလာသော မိန်းကလေးတစ်ဦးသည် လေယာဉ်ပေါ်တွင် အိပ်ပျော်၍ လိုက်ပါလာရာ လေယာဉ်အမှုထမ်းများက သူမအား သတိပေးရန် ပျက်ကွက်ခဲ့ပြီးနောက် မော်လ်တာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာကြောင်း ရိုက်တာ သတင်းတစ်ရပ်၌ သတင်းထူးအဖြစ် ဖော်ပြထားသည်။

### ထွက်ခွာ

အသက် ၁၇နှစ်အရွယ်ရှိ မာရီယာအီလီဗာသည် မော်လ်တာနိုင်ငံ ဗယ်လ်လက်တာလေဆိပ်မှ ဘူလ်ဂေးရီးယားနိုင်ငံ ဆိုဖီယာမြို့သို့ တစ်ဦးတည်း လေယာဉ်စီး၍ စက်တင်ဘာ ၁ရက် ညပိုင်းက ထွက်ခွာလာခဲ့သည်။

### ပြန်ရောက်

ကံမကောင်းစွာဖြင့် သူမသည် အိပ်နေရာမှ နိုးထလာချိန်တွင် မော်လ်တာနိုင်ငံပြန်ရောက်လာကြောင်း သူမ၏မိသားစုက စက်တင်ဘာ ၂ရက်က ပြောကြားသည်။

**အမ်အင်အေ၊ရိုက်တာ**

### ရေကြီးမှုဖြစ်ပေါ်

**တရုတ်နိုင်ငံ ကန်ဆုပြည်နယ်၌ မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးမှု ဖြစ်ပေါ်နေသည်ကို စက်တင်ဘာ ၁ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)



# တရုတ်အနောက်မြောက်ပိုင်း၌ ရေကြီးမှုကြောင့် လူ၁၅ဦးသေဆုံး

လန်ကျို့ စက်တင်ဘာ ၃

**တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ကန်ဆုပြည်နယ်၌ ယခုသီတင်းပတ်တွင် ရေကြီးမှုကြောင့် လူ၁၅ဦး သေဆုံးခဲ့ရကြောင်း ပြည်နယ်ရေကြီးမှုနှင့် မိုးခေါင်မှုလျော့ပါးရေး ထိန်းချုပ်ရေးရုံးက စက်တင်ဘာ၁ရက်၌ ပြောကြားသည်။**

တိဗက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လူကျူအရပ်၌ နှစ်နာရီကြာ မိုးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် ဩဂုတ်၃၀ရက်က ရေကြီးမှုဖြစ်ပေါ်ခဲ့သည်။

### မျောပါ

ယင်းရေကြီးမှုကြောင့် ဆောင်ချာမြို့နယ် မော်ရီကျေးရွာရှိ တဲအိမ်များ၌ အိပ်ပျော်နေသော ကလေးနှင့် လူကြီး၁၃ဦးတို့သည် ရေစီးတွင် မျောပါသွားခဲ့သည်။

### သေဆုံး

အလားတူ အဆိုပါဒေသ၏ ကျူယောင်နီအရပ်၌လည်း တောင်ကျရေများ ဒလဟော စီးဆင်းလာပြီး ပိတ်မိသဖြင့် လူနှစ်ဦးသေဆုံးခဲ့သည်။

ယခုနှစ် နွေရာသီတွင် တရုတ်နိုင်ငံတောင်ပိုင်းနှင့် အရှေ့ပိုင်းကမ်းခြေဒေသများ၌ မုန်တိုင်းဝင်ပြီး ရေကြီးခဲ့သဖြင့် လူ၁၀၀၀ကျော်သေဆုံးကာ စီးပွားရေး အကြီးအကျယ်ထိခိုက်မှု ဖြစ်ပေါ်ခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

# အင်ဒိုနီးရှားနိုင်ငံတွင် အင်အားပြင်း ငလျင်လှုပ်

**ဂျကာတာ စက်တင်ဘာ ၃**

အင်ဒိုနီးရှားနိုင်ငံ မိုလူကက်ကျွန်းတွင် ဩဂုတ် ၂၉ ရက်က အင်အား ၆ ဒသမ ၄အဆင့်ရှိ အင်အားပြင်း ရေအောက် ငလျင်လှုပ်ခတ်သွားကြောင်း မိုးလေဝသ အေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

### ဖြစ်ပေါ်နိုင်

ငလျင်လှုပ်သည့်နေရာတွင် ဆူနာမီဒီလှိုင်းများ ဖြစ်ပေါ်နိုင်ကြောင်း၊ သို့ရာတွင် ယခုအချိန်အထိ ယင်းသို့ဖြစ်ပွားသည်ဆိုသော သတင်းမရရှိသေးကြောင်း ငလျင်တိုင်းတာရေး ပညာရှင် ဖူဇူက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

**အမ်အင်အေ၊ရိုက်တာ**



တရုတ်နိုင်ငံအရှေ့ပိုင်း အန်ဟွေးပြည်နယ် ချာဟူမြို့တွင် တိမ်းမှောက်သွားသော မီးရထားတစ်စင်းအား ကရိန်းဖြင့် ဖယ်ရှားရှင်းလင်းနေသည်ကို စက်တင်ဘာ ၂ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

# အစ္စရေးတို့ ကလပ်စတာဗုံးများသုံးစွဲမှု ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ပြစ်တင်ပြောကြား

အမ္မန် စက်တင်ဘာ ၃

**အစ္စရေးနှင့် ဟစ်ဇ်ဘိုလာ ပြောက်ကျားတို့၏ စစ်ပွဲအတွင်းက အစ္စရေးစစ်တပ်က ကလပ်စတာခေါ် ဗုံးသီးအတွဲများ အသုံးပြုခဲ့ခြင်းအပေါ် အမ္မန်မြို့တွင်ရောက်ရှိနေသော ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအန်နန်က ပြစ်တင်ရှုတ်ချလိုက်သည်။**

ဂျော်ဒန်ဘုရင် အဗ္ဗဒူလာနှင့် တွေ့ဆုံဆွေးနွေးအပြီး ကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က အထက်ပါအတိုင်း ပြစ်တင်ရှုတ်ချလိုက်ခြင်း ဖြစ်သည်။ ထိုသို့သော လက်နက်မျိုးကို အရပ်သားများနေထိုင်သည့် နေရာနှင့် လူထူထပ်သည့် ဒေသများတွင် အသုံးမပြုသင့်ကြောင်း ကိုဖီအန်နန်က ပြောကြားသည်။

## စွပ်စွဲ

စောစောပိုင်းကလည်း လက်ဘနွန်ပဋိပက္ခတွင် အကြီးအကျယ်သေစေနိုင်သည့် ကလပ်စတာခေါ်ဗုံးသီးအတွဲများသုံးသည့်အတွက် အစ္စရေးနိုင်ငံမှာ စောင့်စည်းမှုမရှိဟု ကုလသမဂ္ဂအရေးပေါ် ကယ်ဆယ်ရေး ညှိနှိုင်းရေးမှူးဂျန်အီဂဲလန်က စွပ်စွဲသည်။

၎င်းပြောပြချက်အရ လက်ဘနွန်နိုင်ငံ၌ ကလပ်စတာဗုံးများဖြင့် တိုက်ခိုက်သည့်နေရာ ၃၅၀ခန့်ရှိကြောင်း ကုလသမဂ္ဂမိုင်းဗုံး ကျွမ်းကျင်သူများက တွေ့ရှိသည်ဟုဆို၏။ မပေါက်ကွဲသေးသည့် ဗုံးသီးငယ်ပေါင်း ၁၀၀၀၀၀ ကျန်ခဲ့သည်ဟုလည်း သိရသည်။

## တားမြစ်

မည်သို့ပင်ဖြစ်စေ ထိုသို့သော လက်နက်များကို အရပ်သားများနေထိုင်သည့်နေရာများတွင် အသုံးမပြုရန် နိုင်ငံတကာဥပဒေက တားမြစ်ထားကြောင်း ဆင်ဟွာကဖော်ပြထားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

# ကမ္ဘာ့စီးပွားရေးတိုးတက်ရန် အလားအလာကောင်း အိုင်အမ်အက်ဖ်အကြီးအကဲ ထုတ်ဖော်ပြောကြား

ဝါရှင်တန် စက်တင်ဘာ ၃

**နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ အိုင်အမ်အက်ဖ် မန်နေဂျင်းဒါရိုက်တာ ရိုဒရီဂိုဒီရာတိုက ကမ္ဘာ့စီးပွားရေးတိုးတက်မှု အလားအလာများနှင့် ပတ်သက်၍ ၎င်း၏ အကောင်းမြင်ဝါဒကို ထုတ်ဖော်ပြောကြားလိုက်သည်။**

ကမ္ဘာ့စီးပွားရေးသည် လွန်ခဲ့သောနှစ်က ပြန်လည် ငြိမ်သက်သွားပြီးနောက်တိုးတက်မှုအလားအလာများ အလွန်ကောင်းနေသည့် အနေအထားသို့ရောက်ရှိနေကြောင်းရာတိုက ဝါရှင်တန်ရှိသတင်းစာရှင်း လင်းပွဲတစ်ရပ်၌ ပြောကြားလိုက်သည်။

## အလားအလာ

အမေရိကန်ပြည်ထောင်စုတွင် အိမ်ရာဈေးကွက်များ ပြန်ကောင်းလာပြီး ကမ္ဘာ့နေရာ အတော်များများတွင် တိုးတက်မှုအလားအလာများ ရှိနေသည်ဟု ၎င်းကဆိုသည်။ ဂျပန်နိုင်ငံသည် ငွေကြေးဖောင်း ပွမှု လျော့ကျနေပြီး တရုတ်နှင့်အိန္ဒိယ တို့သည် စီးပွားရေးဆက်လက် တိုးတက်နေသည်။

## တွေ့ရှိ

အာဖရိက ဆာဟာရသဲကန္တာရဒေသအပါအဝင် အာဖရိကနိုင်ငံအများစုသည် ပြီးခဲ့သောနှစ်က စီးပွားရေးတိုးတက်မည့် အရိပ်လက္ခဏာများကို တွေ့ရှိထားကြောင်း အဆိုပါ အိုင်အမ်အက်ဖ်အကြီးအကဲက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# အီရန်၏ နျူကလီးယားပြဿနာ သံတမန်နည်းလမ်းဖြင့်ဖြေရှင်းသင့်

ပေကျင်း စက်တင်ဘာ ၃

**သံတမန်ရေး နည်းလမ်းဖြင့်သာ အီရန်နျူကလီးယားပြဿနာကို ဖြေရှင်းသင့်ကြောင်း တရုတ်နိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော အီရန်ဒုတိယနိုင်ငံခြားရေးဝန်ကြီး အဘတ်အာရက်ချီနှင့် ပေကျင်းမြို့၌ တွေ့ဆုံစဉ် တရုတ်နိုင်ငံခြားရေးဝန်ကြီး လီကျောက်ရှင်းက ပြောကြားလိုက်သည်။**

တရုတ်နိုင်ငံခြားရေးဝန်ကြီး လီကျောက်ရှင်းနှင့် အီရန်ဒုတိယနိုင်ငံခြားရေးဝန်ကြီး အာရက်ချီတို့ နှစ်ဦးစလုံးက အီရန်နျူကလီးယား ကိစ္စရပ်အပေါ် အမြင်ချင်းဖလှယ်ခဲ့ကြပြီး သံတမန်ရေးနည်းလမ်းဖြင့် ဖြေရှင်းမှ ရရှိနိုင်မည်ဆိုခြင်းအပေါ် ရပ်တည်မှု တူညီခဲ့ကြသည်။

## ထပ်မံပြောကြား

အီရန်နိုင်ငံ၏ နျူကလီးယား အစီအစဉ်သည် ငြိမ်းချမ်းရေးအတွက်သာ အသုံးပြုမည်ဖြစ်သဖြင့် နိုင်ငံတကာမှ ဖိအားပေးနေသော်လည်း မိမိတို့က ဆက်လက်ဆောင်ရွက်မည်ဟု အီရန်သမ္မတ အာမက်ဒီနီဂျတ်က ဩဂုတ် ၂၉ ရက်၌ ထပ်မံပြောကြားလိုက်သည်။

## အခွင့်အရေး

ထို့အပြင် နျူကလီးယားစွမ်းအင် အသုံးပြုခြင်းသည် အီရန်နိုင်ငံ၏ အခွင့်အရေးဖြစ်ကြောင်း၊ ထို့ကြောင့် ယင်းအခွင့်အရေးအပေါ် မည်သူမှ တားဆီး၍မရကြောင်း အီရန်သမ္မတက ပြောကြားသည်။

## ရောက်ရှိ

ကုလသမဂ္ဂက အီရန်၏ နျူကလီးယားအစီအစဉ် ရပ်တန့်ရေးကို ဩဂုတ် ၃၁ရက် နောက်ဆုံးထားတုံ့ပြန်ပေးရမည်ဖြစ်သော်လည်း အီရန်က ဆက်လက်ဆောင်ရွက်မည်ဟု တုံ့ပြန်ခဲ့သည်။ ထိုသို့သော အချိန်တွင် အီရန်ဒုတိယနိုင်ငံခြားရေး ဝန်ကြီးက တရုတ်သို့ ရောက်ရှိလာခြင်းဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

# မက္ကဆီကိုစီးတီး၌ မူးယစ်ဆေးဝါးနှင့်ဆက်နွှယ်သော လူသတ်မှုထူပြော

**မက္ကဆီကိုစီးတီး စက်တင်ဘာ ၃**

မက္ကဆီကိုစီးတီး၌ ယခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအတွင်း မူးယစ်ဆေးဝါးနှင့် ဆက်နွှယ်သော သေဆုံးမှုအနည်းဆုံး ၇၆ဦးရှိကြောင်း ယင်းမြို့၏ ပြည်သူ့လုံခြုံရေးအကြီးအကဲ ဂျိုးလ်အော်တေဂါကူးဇက်စ်က စက်တင်ဘာ ၁ ရက်၌ ပြောကြားသည်။

## အများဆုံး

မက္ကဆီကိုနယ်စပ်များမှ မူးယစ်ဆေး မှောင်ခိုရောင်းဝယ်သူများသည် မက္ကဆီကိုစီးတီးမြို့အပါအဝင် ပြည်တွင်းဈေးကွက်များသို့ မူးယစ်ဆေးဝါးများ ရောင်းချရန် ကြိုးစားလာမှုများပြားလာသဖြင့် မှုခင်းများ အများဆုံးဖြစ်ပွားလျက်ရှိသော အစ်ဇ်ပါလာပါ၌ မူးယစ်ဆေးဝါးနှိမ်နင်းရေးအရာရှိ ၆၀၀ကျော် ဖြန့်ကြက်ထားကြောင်း ၎င်းက ပြောကြားသည်။

## ဆက်လက်ပြောကြား

ယခုနှစ်အတွင်း မကြာသေးမီက မက္ကဆီကိုနိုင်ငံတစ်ဝန်း မူးယစ်ဆေးဝါးနှင့်ဆက်နွှယ်သော လူသတ်မှုများကြောင့် သေဆုံးသူ ၁၅၀၀ခန့်ရှိသွားပြီဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# ကမ္ဘာတစ်လွှား ထူးထူးခြားခြား

## ကမ္ဘာ့အကြီးဆုံး ခရစ္စမတ်သစ်ပင်ပုံစံမုန့်



**ခရစ္စမတ်သစ်ပင်ပုံစံပြုလုပ်ထားသော မုန့်တစ်ခုကိုတွေ့ရစဉ်။** (ယာပုံ)

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ဟိုတယ်တစ်ခုတွင် အထူးပြုလုပ်ထားသည့် ခရစ်စမတ်သစ်ပင်ပုံစံ မုန့်ကြီးမှာ ဂျုံများ၊ အရောင်ဆိုးထားသော သကြားများနှင့် အခြားပစ္စည်းပေါင်းများစွာဖြင့် ပေါင်းစပ်ပြုလုပ်ထားသည်။ ၎င်းမုန့်အမြင့်မှာ ၁၆ပေ ၆လက်မရှိပြီး စားဖိုမှူး၁၀ဦးက နာရီပေါင်း၃၀၀ကျော် ပြုလုပ်ခဲ့ရကြောင်း ကမ္ဘာပေါ်တွင် အကြီးဆုံး ခရစ္စမတ်သစ်ပင်ပုံ မုန့်ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**



## ကမ္ဘာ့အရှည်ဆုံး သစ်သားမီးရထားလမ်း

**ကမ္ဘာပေါ်တွင် အရှည်ဆုံး သစ်သားမီးရထားလမ်း တစ်ခုပေါ်၌ ကလေးငယ်များ မီးရထားတွဲလေးများဖြင့် ဆော့ကစားနေကြစဉ်။** (ဝဲပုံ)

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ကမ္ဘာပေါ်၌ အရှည်ဆုံး သစ်သားမီးရထားလမ်းတစ်ခုအဖြစ် ဂင်းနက်စ် မှတ်တမ်းဝင်ရန် လူပေါင်း ၂၈၀တို့က ပူးပေါင်းပြီး သစ်သားမီးရထားလမ်း တစ်ခုကို ပြုလုပ်ခဲ့ကြရာ ထိုသစ်သားမီးရထား လမ်းအရှည်မှာ ၁၆၅၀ ဒသမ ၁၄ မီတာရှိကြောင်း သိရသည်။ **(အင်တာနက်)**

# မြန်မာ့အလင်း တစ်ပတ်အတွင်း နိုင်ငံတကာသတင်းဖြစ်စဉ်အကျဉ်း

## စုစည်းတင်ပြသူ – မောင်မောင်မြင့်ဆွေ

ကမ္ဘာတစ်ဝန်း သီတင်းပတ်အတွင်းဖြစ်ပျက်ခဲ့သော ထူးခြားသတင်းဖြစ်စဉ်များကို မြန်မာ့အလင်း ပရိသတ်အတွက် စုစည်းဖော်ပြအပ်ပါသည်။

**ဩဂုတ် ၂၈**

– အင်္ဂလန်နိုင်ငံတွင် ၂၀၁၀ ပြည့်နှစ်၌ အဝလွန်သည့်လူဦးရေ ၁၃ သန်းရှိလာမည်ဖြစ်ပြီး ထိုအရေအတွက်တွင် ကလေးငယ်တစ်သန်းခန့် ပါဝင်မည်ဖြစ်သည်။ အဝလွန်သူများတွင် အသက် နှစ်နှစ်မှ ၁၅ နှစ်အတွင်း ယောကျ်ားလေး ၁၉ ရာခိုင်နှုန်းနှင့် မိန်းကလေး ၂၂ ရာခိုင်နှုန်းရှိမည်ဖြစ်ကြောင်း အင်္ဂလန် နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနမှ သတင်း ထုတ်ပြန်လိုက်သည်။



– ကမ္ဘာပေါ်တွင် ရေနံဈေးနှုန်းမြင့်မားလာသဖြင့် ဇီဝလောင်စာဆီထုတ်လုပ်ရေးကို ကမ္ဘာ့နိုင်ငံများက လက်ရှိနှုန်းထက် နှစ်ဆတိုးမြှင့်ထုတ်လုပ်ရန်လိုကြောင်း၊ သုတေသနပြုမှုများလည်း ယခုထက် ပိုမိုလုပ်ဆောင်ရန်လိုကြောင်း၊ မိမိတို့အနေဖြင့် ပင်လယ်ရေမှ လောင်စာဆီရရှိထုတ်လုပ်နိုင်မည့် နည်းလမ်းများပါမကျန် လေ့လာနေကြောင်း ဩစတြေးလျ သုတေသနပညာရှင်များက ပြောကြားသည်။

**ဩဂုတ် ၂၉**

– အီရန်နိုင်ငံသည် နျူကလီးယားအစီအစဉ်များကို ရပ်တန့်မည်မဟုတ်၊ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးအတွက် နျူကလီးယားအစီအစဉ်ကို လုပ်ပိုင်ခွင့်ရှိသည်ဟု ခံယူကြောင်း၊ မည်သို့မျှတားဆီး၍ရမည်မဟုတ်ကြောင်း အီရန်သမ္မတ အာမက်ဒိန်ရတ်က ပြောကြားလိုက်သည်။

– ဟစ်ဇ်ဘိုလာတို့တွင်ရှိသော ခေတ်မီလက်နက်များမှာ ရုရှားတို့ ထောက်ပံ့ထားသောလက်နက်များဖြစ်သည်ဟု အစ္စရေးတို့၏စွပ်စွဲမှုကို ရုရှားက ငြင်းဆိုလိုက်သည်။ မိမိတို့သည် ဟစ်ဇ်ဘိုလာတို့နှင့် ပတ်သက်ဆက်စပ်မှုမရှိကြောင်း ရုရှားတို့က ပြတ်သားစွာပြောကြားလိုက်သည်။

**ဩဂုတ် ၃၀**

– ဂျပန်နိုင်ငံတွင် ယခုနှစ် ဇန်နဝါရီလမှ ဇွန်လအတွင်း ကလေးမွေးဖွားမှုမှာ ၅၅၀၀၀၀ ခန့်ရှိခဲ့ရာ ယခင်နှစ်မွေးဖွားမှုထက် ၁၁၆၀၀ ကျော် များပြားခဲ့သည်။ ဂျပန်နိုင်ငံ၏ ကလေးမွေးဖွားမှုနှုန်း တိုးတက်လာစပြုပြီဖြစ်ရာ ဂျပန် အိမ်ထောင်သည်အမျိုးသမီးများအနေဖြင့် တစ်ဦးလျှင် ကလေးနှစ်ယောက်ခန့် အနည်းဆုံးမွေးဖွားရမည်ဟု ဂျပန်ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းထုတ်ပြန်လိုက်သည်။

– အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)သည် ဒေသအတွင်း လူဦးရေသန်း ၅၆၀ ရှိပြီး ကမ္ဘာပေါ်တွင် ဖွံ့ဖြိုးတိုးတက်မှု အလျင်အမြန်ဆုံးဒေသတစ်ခုဖြစ်ကြောင်း ကုလသမဂ္ဂမှ ထုတ်ပြန်သော အစီရင်ခံစာတစ်ရပ်၌ ဖော်ပြသည်။

**ဩဂုတ် ၃၁**

– မက္ကဆီကိုပင်လယ်ကွေ့သို့ "ဂျွန်"အမည်ရှိ မုန်တိုင်းဝင်ရောက်တိုက်ခတ်ရာ ရေလွှမ်းခြင်း၊ မြေပြိုခြင်းနှင့် အခြားဖြစ်ရပ်များကြောင့် ပျက်စီးဆုံးရှုံးမှုများရှိခဲ့ရာ ယခင်နှစ်က တိုက်ခတ်ခဲ့သော ကက်ထရီနာထက် ပိုမိုဆိုးရွားကြောင်း သတင်းထုတ်ပြန်သည်။

– တရုတ်နိုင်ငံတောင်ပိုင်း ဖူကျန်ပြည်နယ်ရှိ စီမင်မြို့တွင် တံတားတစ်စင်းပြိုကျရာ လူ ၁၇ ဦး ဒဏ်ရာရရှိခဲ့သည်။ ၎င်းတံတားသည် တည်ဆောက်ဆဲတံတားဖြစ်ပြီး မုန်တိုင်းဒဏ်ပြင်းထန်စွာ ခံရမှုကြောင့် ပြိုကျခဲ့ခြင်းဖြစ်သည်။

– ဩစတြီးယားနိုင်ငံ အနောက်ပိုင်းဒေသများတွင် မကြုံစဖူး နှင်းများထူထပ်စွာကျဆင်းခဲ့ခြင်းကြောင့် နှင်းထုသည် အချို့နေရာများ၌ ၁၂ ပေအထိ မြင့်တက်ခဲ့ရာ ကမ္ဘာ့သမိုင်းတွင် အမြင့်ဆုံးစံချိန်ဖြစ်သည်။

**စက်တင်ဘာ ၁**

– နာဆာအဖွဲ့က လသို့ နောက်ထပ်စေလွှတ်မည့် အာကာသလွန်းပြန်ယာဉ် ဒီဇိုင်းပုံစံအသစ်တစ်ခုကို ထုတ်ပြန်ဖော်ပြလိုက်သည်။ ၎င်းအာကာသယာဉ်သည် ရှည်မျောမျောအတောင့်ပုံသဏ္ဌာန်ဖြစ်ကာ လူလိုက်ပါနိုင်မည်ဖြစ်ပြီး စီမံကိန်းတစ်ခုလုံးနှင့် ယာဉ်တည်ဆောက်မှု ကုန်ကျငွေ ဒေါ်လာ ၁၈ ဘီလီယံခန့်ရှိမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ခဲ့သည်။ (အောက်ပုံ)



– ပါကစ္စတန်နိုင်ငံ မော်ရီးမြို့တွင် ဟိုတယ်တစ်ခုပြိုကျခဲ့ရာ လူများစွာဒဏ်ရာရရှိပြီး သေဆုံးသူများရှိခဲ့သည်။ ကယ်ဆယ်ရေးအဖွဲ့ဝင်များက သေဆုံးခဲ့သူများအား အပျက်အစီးများအကြားမှ ရှာဖွေလျက်ရှိပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ပါကစ္စတန်နိုင်ငံတွင် သဘာဝဘေးဒဏ်မဟုတ်ဘဲ ဟိုတယ်ပြိုကျမှုမှာ ပထမဆုံး ဖြစ်ရပ်ပင်ဖြစ်သည်။

**စက်တင်ဘာ ၂**

– လက်ဘနွန်တောင်ပိုင်းတွင် ကုလသမဂ္ဂတပ်ဖွဲ့ဝင်များ ဖြန့်ချမှုအရေအတွက် ပြည့်မီမှုမရှိသေးသဖြင့် ကတိပြုထားသောနိုင်ငံများက လိုအပ်သောတပ်ဖွဲ့ဝင်များ အမြန်ဆုံးဖြည့်ဆည်းစေလွှတ်ကြရန် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်က တိုက်တွန်းထားသည်။

– အီရန်နိုင်ငံ၏ နျူကလီးယားပြဿနာဖြေရှင်းရေးတွင် သံတမန်ရေးဖြင့် ဖြေရှင်းရန်သာ လက်ခံနိုင်ဖွယ်ရှိပြီး အင်အားသုံးဖြေရှင်းမှုကို လုံးဝလက်ခံမည်မဟုတ်ကြောင်း ရုရှားနိုင်ငံက သတင်းထုတ်ပြန်လိုက်သည်။

– ကမ္ဘာတစ်ဝန်းတွင် စစ်ဘေးစစ်ဒဏ်ခံရမှုနှင့် သဘာဝဘေးဒဏ်ခံရမှုများအပြင် ဆင်းရဲနွမ်းပါးမှုများကြောင့် လူ ၁ ဒသမ ၄ သန်းခန့်မှာ အိုးမဲ့အိမ်မဲ့အဖြစ် နေထိုင်ကြရကြောင်း၊ ထိုအရေအတွက်တွင် ကလေးငယ်ဦးရေ ရှစ်သိန်းခန့်ပါဝင်နေကြောင်း ကုလသမဂ္ဂက ထုတ်ပြန်သော အစီရင်ခံစာတစ်ရပ်၌ ဖော်ပြသည်။

**စက်တင်ဘာ ၃**

– ဂျပန် ဘုရင့်မိသားစုတွင် ၁၉၆၅ ခုနှစ်ကစတင်ကာ သားယောကျ်ားလေး မထွန်းကားခဲ့ရာ ယခုအခါ ဂျပန်မင်းသမီး ကီကိုက စက်တင်ဘာ ၆ ရက်တွင် သားယောကျ်ားလေး မွေးဖွားပေးနိုင်တော့မည်ဖြစ်ကြောင်း တိုကျိုသတင်းဌာနမှ သတင်းထုတ်ပြန်လိုက်သည်။

– နိုင်ငံတကာအာကာသယာဉ်စခန်းသို့ စေလွှတ်မည့် ဆိုယုဇ်အာကာသယာဉ်ကို စက်တင်ဘာ ၁၈ ရက်၌ လွှတ်တင်မည်ဖြစ်ကြောင်း ရုရှား အာကာသဆိုင်ရာ အရာရှိများက ဆုံးဖြတ်လိုက်သည်။

(ကိုးကား–အင်တာနက်)

## မြန်မာ့ရုပ်မြင်သံကြား

၄-၉-၂၀၀၆ ရက် (တနင်္လာနေ့)

**နံနက်ပိုင်း**

- ၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၈:၀၀ ၆။ အတီးပြိုင်ပွဲ
- ၈:၁၅ ၇။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈:၂၅ ၈။ အဆိုပြိုင်ပွဲ
- ၈:၃၀ ၉။ လယ်ယာစီးပွားမြင့်မားစေရန် ပဒဲရေလှောင်တမံ
- ၈:၄၅ ၁၀။ Grammar made Easy

**ညပိုင်း**

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ တေးဂီတအစီအစဉ်
- ၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(သတ္တဗေဒအထူးပြု) [သတ္တဗေဒ]
- ၁၇:၀၀ ၅။ အကပဒေသာ
- ၁၇:၁၅ ၆။ မြန်မာစာ မြန်မာစကား
- ၁၇:၂၅ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအဆိုအကများ
- ၁၇:၃၀ ၈။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
- ၁၇:၄၀ ၉။ **"ရောင်ပြန်ဟပ်ခြင်း"** မင်းအုပ်စိုး၊ ကုသိုလ် (ဒါရိုက်တာ–ခင်နွဲ့နွဲ့မူ)
- ၁၇:၄၅ ၁၀။ ၂၀၀၆ ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (မဟာဂီတ) [အဆင့်မြင့်ပညာအဆင့်] (အမျိုးသား/အမျိုးသမီး)
- ၁၈:၀၀ ၁၁။ ညနေခင်းသတင်း
- ၁၈:၃၀ ၁၂။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၁၃။ **"ကျောင်းသို့မသွေ့ သွားစို့လေ"** ဇော်ဝမ်း၊ ဖိုးသောကြာ၊ ဇော်ဝင်းမောင်၊ မင်းအောင်သူ၊ နေယံ၊ ခင်မို့မို့အေး၊ ခင်သန်းဝင်း၊ ဂွမ်းပုံကြီး၊ ချောနုဝင်း၊ သဉ္ဇာ၊ သိမ့်သိမ့်ထွဏ်း (ဒါရိုက်တာ–ချစ်ချစ်ဇော်)
- ၁၉:၁၀ ၁၄။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"တောတွင်းသားငယ်လေး"** (အပိုင်း–၅)
- ၁၉:၂၅ ၁၅။ အကပြိုင်ပွဲ
- ၁၉:၃၅ ၁၆။ တေးဂီတအစီအစဉ်
- ၁၉:၄၅ ၁၇။ တံတားမြစ်ငယ်အသစ်သွယ် လူမှုစီးပွားကြွယ်
- ၂၀:၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **"စပိုင်ချစ်သူ"** (အပိုင်း–၁)

## ကိုယ်ဝန်ဆောင်မိခင်များ ဗီတာမင်အီး ပုံမှန်မစားသုံးလျှင် မွေးဖွားလာသောကလေးငယ်များ ပန်းနာရောဂါဖြစ်ပွားနိုင်

**ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ကိုယ်ဝန်ဆောင်စဉ်ကာလအတွင်း ဗီတာမင်အီး လျော့နည်းစွာစားသုံးခဲ့ပါက မွေးဖွားလာသော ကလေးငယ်များတွင် ပန်းနာရောဂါဖြစ်ပွားနိုင်ကြောင်း ဗြိတိန်ရှိ သုတေသနပညာရှင်များက ပြောကြားလိုက်သည်။**

### ဗီတာမင်အီး

ကိုယ်ဝန်ဆောင်စဉ် ကာလအတွင်း မိခင်များအနေဖြင့် ဗီတာမင်အီးကို ပုံမှန်စားသုံးသင့်ကြောင်း၊ ဗီတာမင်အီးသည် အဆုတ်ဖွံ့ဖြိုးမှု၊ ကျန်းမာမှုကို လွန်စွာ အထောက်အကူပြုကြောင်း၊ ဗီတာမင်အီး၏ အကျိုးကျေးဇူးသည် များကြောင်း ၎င်းတို့က ပြောကြားသည်။

### အရေးကြီး

ကိုယ်ဝန်ဆောင်ကာလ ပထမ သီတင်းပတ် ၁၆ ပတ် အတွင်း ဗီတာမင်အီးကို စနစ်တကျစားသုံးသင့်ကြောင်း၊ ထိုကာလသည် အရေးကြီးကြောင်း၊ အခြားလိုအပ်သော ဗီတာမင်များကိုလည်း စားသုံးပေးသင့်ကြောင်း အကြံပြုထားသည်။

### စနစ်တကျသုတေသနပြု

သုတေသနပညာရှင်များက ကိုယ်ဝန်ဆောင်မိခင် ၂၀၀၀ အား စနစ်တကျ သုတေသနပြုခဲ့ရာ ဗီတာမင်အီးကို ပြည့်ပြည့်ဝဝမစားသုံးခဲ့သည့် မိခင်များမှ မွေးဖွားလိုက်သော ကလေးငယ်များသည် ငါးနှစ်အရွယ်မတိုင်မီ ပန်းနာရောဂါ ဖြစ်ပွားကြကြောင်း၊ ဗီတာမင်အီးကို ပုံမှန်စားသုံးခဲ့သည့် မိခင်များမှ မွေးဖွားလိုက်သော ကလေးငယ်များမှာ ပန်းနာရောဂါနှင့် အခြားအဆုတ်ရောဂါများ မဖြစ်ပွားကြသည်ကို တွေ့ရကြောင်း ဖော်ပြထားသည်။



သို့သော်လည်း ဗီတာမင်အီးကို အလွန်အကျွံစားသုံးလျှင် ဆိုးရွားသော အကျိုးဆက်များလည်း ဖြစ်ပေါ်တတ်သည်ဖြစ်ရာ စနစ်တကျ ပုံမှန်စားသုံးသင့်ကြောင်း သုတေသနပြု အဖွဲ့ခေါင်းဆောင်တစ်ဦးဖြစ်သူ ဒေါက်တာ ဂရာဟမ်ဒီဗာရစ်က ပြောကြားသည်။

### အကျိုးဆက်

ယခုအခါ ဗီတာမင်အီးစားသုံးမှု လျော့နည်းခဲ့မှုကြောင့် ကမ္ဘာတစ်ဝန်းတွင် ကလေးငယ် ၁ ဒသမ ၁ သန်းမှာ ပန်းနာရောဂါ ဖြစ်ပွားနေကြရကြောင်း၊ ယင်းမှာ လွန်ခဲ့သော နှစ် ၅၀ ခန့်ကတည်းက ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ဗီတာမင်အီးကို လျော့နည်းစွာစားသုံးခဲ့သည့် အလေ့အကျင့်များ၏ ဆိုးကျိုးများပင်ဖြစ်ကြောင်း ၎င်းက ထောက်ပြထားသည်။ ။

**(အင်တာနက်)**

**အင်တာနက် သတင်းနှင့်ဓာတ်ပုံ**

# အနုပညာရှင်မျိုးဆက်သစ်များ စဉ်ဆက်မပြတ်ပေါ်ထွက်ရေးရည်မှန်း ရန်ကုန်တိုင်း (၁၄)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဖွင့်

**သတင်းနှင့်ဓာတ်ပုံ– သိန်းဝင်းလေးနှင့် တင်စိုး (မြန်မာ့အလင်း)**

**ရန်ကုန် စက်တင်ဘာ ၃**

မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များဖြစ်သည့် မြန်မာ့ဂီတ၊ အက၊ သဘင် စသည့် အနုပညာရပ်များ အရှည်တည်တံ့ပြီး ပြည်နယ်နှင့် တိုင်းနယ်မြေဒေသအားလုံး၌ အခြေခိုင်မာ ပြန့်ပွားရေး၊ အနုပညာရှင် မျိုးဆက်သစ်များ စဉ်ဆက်မပြတ် ပေါ်ထွက်လာရန်၊ အမျိုးသားရေးဂုဏ်သိက္ခာနှင့် အမျိုးသားရေး စရိုက်လက္ခဏာများ ရှင်သန်စေရန် မွန်မြတ်သည့် ရည်မှန်းချက်များဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို နိုင်ငံတော်က ကြီးမှူးပြီး နှစ်စဉ်ကျင်းပလာသည်မှာ ယခုအကြိမ်ဆိုလျှင် (၁၄)ကြိမ်မြောက်အတွင်းသို့ ချဉ်းနင်းဝင်ရောက်လာပြီဖြစ်သည်။

## ပြိုင်ပွဲကိုဖွင့်လှစ်

တစ်နည်းအားဖြင့် မျိုးချစ်စိတ်ဓာတ်နှင့် ဓာတ်သွေး ဓာတ်မာန် ထက်မြက်မြင့်မားရန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်၊ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရန်၊ မြန်မာတို့၏ အမျိုးသားရေး စရိုက်လက္ခဏာများ ထိန်းသိမ်းရန်၊ လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဖြစ်ထွန်းရန်၊ တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်နှင့် စစ်မှန်သော ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ် ပိုမိုရှင်သန်ခိုင်မာစေရန် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို အနှစ်သာရရှိရှိ နိုင်ငံတော်က ချမှတ်ပေးသည့် ဦးတည်ချက်များနှင့်အညီ အောင်မြင်အောင် ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ရန်ကုန်တိုင်း အနေဖြင့် အဆိုပါ (၁၄)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ပါဝင်ဆင်နွှဲရန်အတွက် တိုင်းအဆင့် ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီက လသာ အထက(၂) မြညီလာခန်းမတွင်ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းနှင့် ဇနီး ဒေါ်မာမာဝေတို့ တက်ရောက်အားပေးပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးကျော်ကျော်ထွန်းနှင့် ဇနီး၊ တိုင်းအဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ရန်ကုန်တိုင်း (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီး ကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး နေမျိုးနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ မြန်မာနိုင်ငံ ဂီတ၊ သဘင်အစည်းအရုံးတို့မှ အနုပညာရှင်များ၊ အကဲဖြတ်လုပ်ငန်း ကော်မတီဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြိုင်ပွဲဝင် အနုပညာရှင်မောင်မယ်များ တက်ရောက်ကြသည်။

## အဖွင့်အမှာစကား

ရှေးဦးစွာအခမ်းအနားကို တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ဖျော်ဖြေရေးအစီအစဉ်များဖြင့် တင်ဆက်ရာ မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ရွှေတံဆိပ် ငါးဆုရှင် မအိအိလှိုင်က **"မင်္ဂလာရှိသော မင်္ဂလာနေ့"** သီချင်းဖြင့်သီဆိုပြီး လသာ အထက (၂) ကျောင်းသူလေးများက အကဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်း ကိုယ်စားပြု ဇာတ်သဘင်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် ရွှေတံဆိပ်ဆုရှင် မင်းသား ဉာဏ်ဝင်းနှင့် မင်းသမီး မြင့်မြင့်ကြည်တို့က နိုင်ငံကျော်ရှာစားကြီး ဦးစိန်လှမြိုင် ရေးသားသည့် **"ဝေဿန္တရာ မြိုင်ထ နှစ်ပါးသွားအက"**ဖြင့် လည်းကောင်း၊ ရွှေတံဆိပ်ဆုရှင် မခိုင်ခိုင်ကျော်က **"ပန်းရည်ဘဏ်တိုက်"**တေးသီချင်းဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်း ကိုယ်စားပြု ဇာတ်သဘင်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် ရွှေတံဆိပ်ဆုရှင် မင်းသား မိုးမင်းနှင့် မင်းသမီး ခိုင်သဇင်သင်းတို့က **"လက်ရည်တစ်ပြင်တည်း"** သီချင်းဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်း ကိုယ်စားပြု ယှဉ်ပြိုင်မည့် ပညာရှင်အဆင့် ရုပ်သေးပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)မှ ထက်အာကာမျိုးဆက်သစ် ရုပ်စုံစင်တော်ကြီးအဖွဲ့၏ **"ကကြိုးစုံစွာ ရုပ်သေးပဒေသာ"**အကဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်းကိုယ်စားပြု ယှဉ်ပြိုင်မည့် ဇာတ်တော်ကြီးအဖွဲ့မှ ရွှေတံဆိပ်ဆုရှင် မင်းသမီး မြင့်မြင့်ကြည်က **"မြန်မာ့ကြွေးကြော်သံ"** သီချင်းဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်း ကိုယ်စားပြု ယှဉ်ပြိုင်မည့် ရွှေတံဆိပ်ဆုရှင် မဟာန်နွေညိမ်းနှင့် မခိုင်ခိုင်ကျော်တို့က **"မှုံရွှေရည် ခေတ်သစ်၊ ခေတ်ဟောင်းအက"** ဖြင့်လည်းကောင်း၊ ရွှေတံဆိပ်ငါးဆုရှင် မအိအိလှိုင်က **"ပင်ချင်းယှက်၍ နွယ်ချင်းဆက်သော်"** သီချင်းဖြင့်လည်းကောင်း ဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်မှူးချုပ် လှဌေးဝင်းနှင့် ဇနီး ဒေါ်မာမာဝေတို့က ဂုဏ်ပြုလက်ဆောင် ပန်းခြင်းနှင့် ဂုဏ်ပြုငွေများ ပေးအပ်ကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရန်ကုန်တိုင်း (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို ကျိုက္ကဆံကွင်းအတွင်းရှိ သတ်မှတ်နေရာများတွင် စက်တင်ဘာ ၃ ရက်မှ ၅ ရက်အထိ ကျင်းပလျက်ရှိသည်။

ရန်ကုန်တိုင်းအနေဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ပထမအကြိမ်မှ တေရသမအကြိမ်အထိ ယှဉ်ပြိုင်ခဲ့သည်။ ပြီးခဲ့သည့် ၂၀၀၅ခုနှစ်(၁၃)ကြိမ်မြောက် ပြိုင်ပွဲတွင် ရွှေတံဆိပ် ၈၆ ခု၊ ငွေတံဆိပ် ၅၇ ခု၊ ကြေးတံဆိပ် ၄၃ ခု စုစုပေါင်း ၁၈၆ ခု ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။ ။ **(မြန်မာ့အလင်း)**





**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ တိုင်းအဆင့် ဖွင့်ပွဲအခမ်းအနားတွင် ရန်ကုန်တိုင်းကိုယ်စားပြု ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။** ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

## ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၃၅)ဖြန့်ချိ

**ရန်ကုန် စက်တင်ဘာ ၃**

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၃၅)တွင် ကိုကို (စက်မှုတက္ကသိုလ်)၏ အခန်းဆက် ကိုရီးယားခရီးသွားဆောင်းပါး 'ဂျောင်ဘောက်ဂွန်းမှသည် ရတနာပုံဆီသို့'၊ မြန်မာနိုင်ငံ၏ အဓိက စစ်ကိုင်း လေျှင်ကြောကြီးကို GPS တိုင်များ စိုက်ထူကာ စောင့်ကြည့်လေ့လာသွားမည်၊ ဆရာစိန်ဗိုလ်တင့်၏ ရောင်တော်ဘွဲ့ မြန်မာ့ဂီတသံစဉ်ကို မှတ်တမ်းဓာတ်ကား Mystic Ball က ခွင့်ပြုချက်မယူဘဲ သုံးစွဲသဖြင့် မူပိုင်ခွင့်ချိုးဖျက်မှုဖြင့် လျော်ကြေးတောင်းခံထား၊ လည်ပတ်နေသော လုပ်ငန်းများ ဦးစားပေးအစဉ်လိုက် အင်းဝဘဏ်လီမိတက်က နှစ်တိုချေးငွေများထုတ်ပေးနေ သတင်းများနှင့်အတူ ၃၅ နှစ်အကြာဝယ် မာဒေးကားဆီ မြန်မာပြန်လာပြီ အားကစားသတင်းများ စသည့် ပြည်တွင်းရေးရာသတင်း ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

ကိုယ်အလေးချိန် ပေါင်အနည်းငယ်ပိုလျှင်ပင် အန္တရာယ်ရှိပြီဟု ဆို၊ အရပ်ကောင်းသူ ဉာဏ်ရည်လည်း ပိုကောင်း၊ အစ္စရေးဝေဟင်မှ မြေပြင်ပစ်ဒုံးလက်နက် ရိုက်တာအေဂျင်စီကားကိုဖျက်၊ အိန္ဒိယ၌ အဏုမြူစမ်းသပ်မှုကို လွတ်လပ်စွာလုပ်ပိုင်ခွင့်ရှိ စသည့် နိုင်ငံတကာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေးနှင့် ဖျော်ဖြေရေးကဏ္ဍ စုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်သည်။

**(သတင်းစဉ်)**

## မော်လမြိုင်ဆရာတော် တရားပွဲ

**ရန်ကုန် စက်တင်ဘာ ၃**

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အောင်တော်မူကျောင်းတိုက်ဓမ္မာရုံတွင် ၁၃၆၈ ခုတော်သလင်းလပြည့် မွန်းလွဲ ၁၂ နာရီခွဲတွင်လည်းကောင်း၊ ညနေ ၃ နာရီတွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် မင်္ဂလာရာမစာသင်တိုက် ဓမ္မာရုံတွင်လည်းကောင်း၊ နယ်လှည့်သာသနာပြုမိုးကုတ်ကမ္မဋ္ဌာနာစရိယ ဓမ္မကထိက လူမှုထူးချွန်(ပ–ဒု–တ)ဆင့် မော်လမြိုင် ဆရာတော်ချင်းတွင်း အရှင်ကလျာဏ အရှင်သူမြတ်က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားပြသတော်မူမည်ဟု သိရသည်။ **(က–ပ)**

**ရန်ကုန်မြို့ အင်းစိန်မြို့နယ် ပေါက်တောရပ်ကွက် သံဒင်းစုလမ်း အမှတ် ၄၉၅နေ ဗိုလ်မှူး မောင်မောင်တင့်– ဒေါ်အေးအေး မိသားစုတို့က ဆွမ်း၊ ဆေးနှင့် အထွေထွေပဒေသာပင် ငွေကျပ်သုံးသိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။** (က–ပ)





**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧကဝယ်ယူရန်အတွက် ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် စက်မှုဇုန်(၁) ပန်းလှိုင်ဂေါက်ကွင်းလမ်း အမှတ် ၆(က/ခ) ရှိ Tokyo Pipe စက်ရုံမှ Tokyo Pipe ဥက္ကဋ္ဌနှင့် ဝန်ထမ်းများ၊ ကန်ထရိုက်တာနှင့် ဆောက်လုပ်ရေးဝန်ထမ်းများနှင့် ခုနစ်ရက်သားသမီး ဓမ္မမိတ်ဆွေများ မိသားစုက အလှူတော်ငွေကျပ် သုံးသိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အကျိုးတော်ဆောင် ဆရာတော် အောင်တော်မူ ဒေါက်တာအရှင်သုန္ဒရ(လုမ္ဗိနီ)ထံ ဆက်ကပ်လှူဒါန်းစဉ်။** (က–ပ)



**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧကဝယ်ယူရန်အတွက် ရဟန်းဒါယကာကြီး (ဦးဂန္ဓီ–အနားမလဲ(ခ) ဦးတင်ဖေ)အား ရည်စူး၍ ဘုရား၊ စေတီ၊ ကျောင်း၊ ရဟန်းမယ်တော်ကြီး ဒေါ်ညို(ခ)ဒေါ်တင်မေ၊ သား ကိုသက်နိုင်(သီရိစန္ဒီ)၊ မြေး မသီရိသက်နိုင် အမှတ် ၁၂၄ အခန်း(၅) ၄၉ လမ်း(အလယ်) ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့ မိသားစုက အလှူတော်ငွေကျပ်တစ်သိန်းရှစ်ထောင်ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှူးဆောင်ဆရာတော် အရှင်ကုသလ (M.A)ထံ ဆက်ကပ်လှူဒါန်းစဉ်။** (က–ပ)

## စာပေနှင့်စာနယ်ဇင်း အတွေ့အကြုံရှင်းလင်း

**ရန်ကုန် စက်တင်ဘာ ၃**

မရမ်းကုန်းမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့မှ စတုတ္ထအကြိမ် စာပေညီလာခံအတွေ့အကြုံ ရှင်းလင်းပွဲကို ယနေ့မွန်းတည့် ၁၂ နာရီက မြို့နယ် ရည်ညွှန်းစာကြည့်တိုက်၌ ကျင်းပရာ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များ၊ စာပေပညာရှင်များ၊ လူမှုရေးအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး မြေလတ်ထင်ကျော်မိုးက ဆောင်ရွက်ပြီး မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့(ဗဟို) အလုပ်အမှုဆောင် ဦးအောင်သိန်းဝင်း (မောင်ခိုင်ခန့်)က အမှာစကား ပြောကြားသည်။

ဆက်လက်၍ စတုတ္ထအကြိမ် စာပေညီလာခံ အတွေ့အကြုံများကို မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ စာပေညီလာခံကိုယ်စားလှယ် ဦးကျော်စိုး(မောင်ကျေးဇူး)က ရှင်းလင်းကာ ဒုတိယဥက္ကဋ္ဌ ဦးခင်ဇော် (ဦးခင်ဇော်–မရမ်းကုန်း)က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၏ မှာကြားချက်နှင့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၏ ပြောကြားချက်များကို ဖတ်ကြားကာ အခမ်းအနားကို မွန်းလွဲ ၂ နာရီတွင် ရုပ်သိမ်းလိုက်သည်။

**(၄၂၁)**

## ✡ ကျောဖုံးမှ

အခမ်းအနားသို့ ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီး စာသင်တိုက် ၁၅ တိုက်မှ ပဓာနနာယက ဆရာတော်များနှင့် ပင့်သံဃာတော်များ၊ သီလရှင် စာသင်တိုက် တစ်တိုက်မှ သီလရှင်ဆရာကြီးများ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော် အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဘာသာရေးနှင့် လူမှုရေး အသင်းအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် စေတနာရှင် ပြည်သူများ တက်ရောက် ကြည်ညိုကြသည်။

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဝေဠုဝန် စာသင်တိုက် နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ အဂ္ဂဝံသထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ဆရာတော်ကြီးအားသင်္ကန်း အစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ တပ်မတော်အရာရှိကြီးများက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ဆက်လက်၍ သီလရှင်ဆရာကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်ကြသည်။

သာယာရေးကော်မတီ၊ သာသနာရေးဝန်ကြီးဌာန၊ မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်၊ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာ ဦးစီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် ရန်ကုန်တိုင်း ဆားစက်လုပ်ငန်းရှင်များ၊ အာရှကြီးပွားတိုးတက်ရေး ထုတ်ကုန်သွင်းကုန်ကုမ္ပဏီလီမိတက်၊ မြန်မာနိုင်ငံရေထွက်ပစ္စည်း ထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း၊ စန္ဒီပရဆေး မိသားစု၊ သီရိကုဋ္ဌေကြွယ်ကုမ္ပဏီ(ကြက်ဆူပင်စိုက်ပျိုးရေး)၊ ဒဂုံစင်တာ Shopping Mall၊ လင်းလွန်း/တောင်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ဆာကူရာအထူးကုဆေးခန်း၊ ကေသီပန် တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး၊ ကျော်တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးနှင့် ဆန္ဒမွန်ဆေးတိုက်တို့က ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းကြသည်။

### ဆွမ်းပဒေသာပင်လှူဒါန်း

ထို့နောက် ဆွမ်းပဒေသာပင်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက ငွေကျပ် ၁၆၀၀၀၀၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၁၆၀၀၀၀၊ ရန်ကုန် အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီက ငွေကျပ် နှစ်သိန်း၊ ဦးကိုကိုထွေး– သီရိသုဓမ္မသီဂီ ဒေါ်အေးအေးသန်း(တော်ဝင်မိသားစုကုမ္ပဏီ)က ငွေကျပ် ငါးသိန်း၊ ကွယ်လွန်သူ မိဘများအား ရည်စူး၍ ဦးခင်မောင်ဇော်–ဒေါ်အေးအေးမင်းမိသားစုက ငွေကျပ် ခြောက်သိန်း၊ စမ်းချောင်းမြို့နယ် အတွင်းရှိ စေတနာရှင်ပြည်သူတို့က



**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ သာကေတနှင့် ဒေါပုံမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီး စာသင်တိုက် ၂၆ တိုက်နှင့် သီလရှင်စာသင်တိုက် နှစ်တိုက်တို့သို့ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်အလှူငွေများ ပေးအပ်လှူဒါန်းပွဲတွင် အလှူရှင်များ၏ လှူဒါန်းငွေများကို လက်ခံစဉ်။** (သတင်းစဉ်)

ဒေါ်စန်းစန်းဝင်း (မြန်မာပြည်သားဟော့ KN ကုမ္ပဏီ)၊ သီဟသုဓမ္မ မဏိဇောတဓရ ဦးသိုင်းဝင်း–ဒေါ်ဌေးဌေးညွန့်(BTB ကုမ္ပဏီလီမိတက်) နှင့် ဝင်းရတနာ ခရီးသွားလုပ်ငန်းတို့က ငွေကျပ် နှစ်သိန်းစီ၊ ဦးမျိုးအောင်–ဒေါ်ခင်ရီမွန် (ဆန်းမြန်မာကုမ္ပဏီလီမိတက်)က ငွေကျပ် ၁၆၀၀၀၀၊ စမ်းချောင်းမြို့နယ် ပညာရေးမိသားစုက ငွေကျပ် ၁၅၀၀၀၀၊ ဦးတင်လှ (Camel Co.,Ltd.)၊ အာရှ တော်ဝင်အထူးကုဆေးခန်း၊ သီဟသုဓမ္မသီဂီ ဒေါ်မြသိန်း(သား) ဦးရန်ရှင်း (ယူနိုက်တက်ဝင်းနား အင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်)၊ ဒေါ်သန်းနု(ဒေါ်နု မိသားစုပစ္စည်းမျိုးစုံအငှားဌာန)နှင့် စမ်းချောင်းမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများက ငွေကျပ် ၁၁၀၀၀၀စီ၊ ဦးအောင်ဇော်မြင့်–သီရိသုဓမ္မသီဂီ ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင် မိသားစု၊ ဦးထွန်းရွှေ မိသားစု(ထွန်း

ဒေါက်တာအောင်သန်းကျော်– ဒေါ်ခင်ယုနိုင်(ယူနီဗာဆယ်မိသားစု)၊ ဒေါ်မျိုးမျိုးခိုင်(ကီကီမြန်မာဗီဒီယိုထုတ်လုပ်ရေး) နှင့် ဦးအောင်မွန်– ဒေါ်လှလှမော်တို့က ငွေကျပ် တစ်သိန်းစီ အပါအဝင် စေတနာရှင် အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း၊ ဒုတိယမြို့တော်ဝန်ဗိုလ်မှူးကြီးမောင်ပါ၊ တပ်မတော် အရာရှိကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများက လက်ခံယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည် ပေးအပ်ကြသည်။

### ရှင်းလင်းလျှောက်ထား

ထို့နောက် မင်္ဂလာဒုံ လေတပ်စခန်းဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီး ဆွေလင်းက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများလှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်း လျှောက်ထားသည်။

ယင်းနောက် စမ်းချောင်းမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ နေနတ်သား စာသင်တိုက် နာယက ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဇနကထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ရေစက်ချ အနုမောဒနာတရား နာကြားကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ကျောင်းသူလေးများ ဝတ်အဖွဲ့က အရပ်(၁၀)မျက်နှာ မေတ္တာပို့သကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

စမ်းချောင်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီး စာသင်တိုက်များနှင့် သီလရှင်စာသင်တိုက်များသို့ ယနေ့ လှူဒါန်းသည့် လှူဒါန်းမှုအစုစုမှာ ဆွမ်းဆန်တော် ၄၃၀ အိတ် ၁၂ ပြည်၊ ဆီ ၁၆၁ ပိဿာ၊ အိုင်အိုဒင်းဆား ၁၅၈၂ ပိဿာ ၅၀ ကျပ်သား၊ တိုင်းရင်းဆေးမျိုးစုံ ၂၃၀၃ ဘူး၊ ပဲ ၃၁၆ ပိဿာ၊ ဆပ်ပြာတောင့် ၁၅၈၀၊ သွားတိုက်ဆားဘူး ၃၁၆ ဘူးနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေကျပ် ၇၁၉၈၀၀၀ ဖြစ်သည်။

### သာကေတနှင့်ဒေါပုံ

အလားတူ ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတနှင့် ဒေါပုံမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် ၂၆ တိုက်နှင့် သီလရှင်စာသင်တိုက် နှစ်တိုက်တို့သို့ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ညနေ ၃ နာရီတွင် ရန်ကုန် အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် (၇)အနောက်ရပ်ကွက် မြင်တော်သာလမ်း ဇိနမာရ်အောင် ဘုရားဝင်းရှိ ဝိမုတ္တိရသ ဓမ္မဗိမာန်တော်၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက် ကြည်ညိုပြီး သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ သာကေတနှင့် ဒေါပုံမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီး စာသင်တိုက် ၂၆ တိုက်မှ ပဓာနနာယက ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များ၊ သီလရှင် စာသင်တိုက် နှစ်တိုက်မှ သီလရှင်ဆရာကြီးများ ကြွရောက်ကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း၊ ဒုတိယ မြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ရန်ကုန် အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဘာသာရေးနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် စေတနာရှင် ပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

### လှူဖွယ်ပစ္စည်းဆက်ကပ်

ရှေးဦးစွာ သာသနာ့အလင်းရောင် ကျောင်းတိုက်၏ ဦးစီးပဓာနနာယက ဘဒ္ဒန္တဇောတိကထံမှ ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြပြီး ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်ဆွေက ဆရာတော်ကြီးအား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက်ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တပ်မတော်အရာရှိကြီးများက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ဆက်လက်၍ သီလရှင်ဆရာကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်ကြသည်။

### ဆွမ်းဆန်တော်လှူဒါန်း

ထို့နောက် တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများက လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေးနှင့် ပဲတို့ကို တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများကိုယ်စား ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမျိုးနိုင်၊ ဧရာဝတီရေတပ်စခန်းဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမြင့်ဆွေနှင့် မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ကျော်တို့က ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက်ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ သာသနာရေးဝန်ကြီးဌာန၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၊ ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် ရန်ကုန်တိုင်း ဆားစက်လုပ်ငန်းရှင်များ၊ ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၊ မြန်မာနိုင်ငံရေထွက်ပစ္စည်း ထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း၊ အာရှကြီးပွားတိုးတက်ရေး ထုတ်ကုန်သွင်းကုန်ကုမ္ပဏီလီမိတက်၊ ယုဇနကုမ္ပဏီလီမိတက် စားအုန်းဆီသန့်စက်ရုံ၊ စန္ဒီပရဆေး မိသားစု၊ ဘီတီဘီကုမ္ပဏီလီမိတက်၊ ခနအောင်ကုမ္ပဏီ၊ အိုကေ ဆန်ပွဲရုံ၊ ဇာခြည်ဝင်း ငံပြာရည်စက်ရုံ၊ ထွန်းရွှေဝါဆေးတိုက်နှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းကြသည်။

### အလှူငွေများလှူဒါန်း

ထို့နောက် ဆွမ်းပဒေသာပင် အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများက ငွေကျပ် ၂၈၀၀၀၀၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၂၈၀၀၀၀၊ ဦးမင်းဦး–ဒေါ်လှလှဝေ(ဧဝရက်စက္ကူဘူးလုပ်ငန်း)က ငွေကျပ်သိန်း ၅၀၊ ဦးအေးမင်းထွန်း–ဒေါ်ကြည်ကြည်စန်း(၁၉လမ်း၊ရန်ကုန်)က ငွေကျပ်၄၅သိန်း၊ ဒေါက်တာဆွေဆွေပြုံး (စဥ့်အိုးတန်းလမ်း) နှင့် ဦးမြင့်–ဒေါ်တင်ရီ(ဆင်ပေါက်ရတနာရွှေဆိုင်)တို့က ငွေကျပ် ၃၅ သိန်းစီ၊ ဦးကြည်–ဒေါ်ခင်တင့် (၁/အနော်မာ) နှင့် ဦးကောင်းစံ–ဒေါ်မေခိုင်ဝင်း(ရေအရင်းအမြစ်ဦးစီးဌာန)တို့က ငွေကျပ်သိန်း၃၀စီ၊ ဦးထိန်ဝင်း–ဒေါ်ဆွေဆွေအိမိသားစုက ငွေကျပ် ၂၁ သိန်း၊ သာကေတစက်မှုဇုန်၊ ဦးစိုးမြင့်–ဒေါ်သီတာလွင် (ကံလင်းသူကုမ္ပဏီ)၊ ဦးဆန်းမောင်–ဒေါ်ရီမြင့်(စန်ပန်းမြိုင်စားသောက်ဆိုင်)၊ ဦးသန့်ဇော်–ဒေါ်မေသက်(ရွှေချိုးဖြူကဖီး)၊ ဦးမြင့်ဆွေ–ဒေါ်အေးအေးဆွေ (၂၉ လမ်း၊ ရန်ကုန်)၊ ဦးသိန်းဝင်း–ဒေါက်တာရီရီနွယ်မိသားစု (ရွှေဝတ်ရည်စက္ကူစက်)နှင့် ဦးအောင်မြင့်–ဒေါ်တင်ကြည်(၃/မာန်ပြေရပ်ကွက်)တို့က ငွေကျပ် ၁၀သိန်းစီ၊ ဦးသောင်းဌေး–ဒေါ်ကြည်ကြည်ထွန်း(ဝါဆိုရပ်ကွက်)က ငွေကျပ် ရှစ်သိန်း၊ ဦးခင်ဇော်–ဒေါ်ခင်ဆွေဦး (ကျားကိုးကောင်မော်တော်ယာဉ်ထုတ်လုပ်ရေး)က ငွေကျပ်ခြောက်သိန်း၊ ဦးသက်ဇော်–ဒေါ်ထားထားနွယ် (Ka Wa Sho Tronsport Co., Ltd.)၊ ဦးထွန်းရင်ဦး–ဒေါ်သန်းသန်းရီမိသားစု (လမ်းမတော်)ဦးစိန်ဝင်း–ဒေါ်မြမြရည်



**ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမျိုးနိုင်၊ ဧရာဝတီရေတပ်စခန်းဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီး မြင့်ဆွေနှင့် မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ကျော်တို့ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများကိုယ်စား ဆွမ်းဆန်တော်၊ဆီ၊ဆား၊ဆေးနှင့်ပဲများကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

### ဆက်ကပ်လှူဒါန်း

ထို့နောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများ လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေးနှင့် ပဲတို့ကို တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများကိုယ်စား ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီး မျိုးနိုင်၊ ဧရာဝတီရေတပ်စခန်းဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမြင့်ဆွေနှင့် မင်္ဂလာဒုံလေတပ်စခန်း ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးဆွေလင်းတို့က ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ၊ ရန်ကုန်မြို့တော်စည်ပင်

ငွေကျပ် ငါးသိန်း၊ သီရိသုဓမ္မမဏိဇောတဓရ ဦးလှမြင့်မိသားစု (ကေသီပန်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး) နှင့် ဦးတက်တိုး–ဒေါ်စန်းစန်းဝင်း (တိုးရတနာ ခရီးသည်ပို့ဆောင်ရေး လုပ်ငန်း)တို့က ငွေကျပ် လေးသိန်းစီ၊ ဦးရဲအောင်– ဒေါ်လဲ့လဲ့ဝင်း(သီရိကုဋ္ဌေကြွယ်ကုမ္ပဏီလီမိတက်၊ ကြက်ဆူပင်စိုက်ပျိုးရေး) ကငွေကျပ် ၃၅၀၀၀၀၊ (ဦးသိန်းမောင်)–ဒေါ်ပါးပါး (စန္ဒီပရဆေးမိသားစု)က ငွေကျပ် ၃၀၃၀၀၀၊ ဦးမျိုးဆွေ– ဒေါ်ချိုချိုဝင်း မိသားစု (ဆီဆုံလမ်း)နှင့် ဦးငြိမ်းအောင်–ဒေါ်ခင်ရွှေ မိသားစုတို့က ငွေကျပ် သုံးသိန်းစီ၊ သီဟသုဓမ္မမဏိဇောတဓရ ဦးတင်ဝင်း–သီရိသုဓမ္မသီဂီ

ရွှေဝါဆေးတိုက်)၊ ဦးစိန်ထွေး– ဒေါ်စုစန္ဒာဟုတ် မိသားစု (ဂင်ဇာလုဆောက်လုပ်ရေး)၊ မြန်မာနိုင်ငံ ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များ အသင်း၊ (ဦးမင်းဝေ)–ဒေါ်သန်းရီ မိသားစု (ပန်းတနော်လမ်း)၊ ဦးစိုးဝင်းနိုင်–ဒေါ်ဝင်းဝင်းဌေး မိသားစု (ရွှေပေါက်ကံမြို့သစ်)၊ အမိအဖများ အားအမှူးထား၍ သား မောင်လင်းလင်းထွန်း၊ ဦးမြတ်ဇင် (မြတ်ဇင်ဂျပန်ကားပစ္စည်းရောင်းဝယ်ရေး)၊ ဦးအောင်ဝင်း(ဗိုလ်တီးစားသောက်ဆိုင်မိသားစု)၊ စမ်းချောင်းမြို့နယ် ဆီလုပ်ငန်းရှင်များအသင်း၊ စမ်းချောင်းမြို့နယ် အတွင်းရှိ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာကြီးဦးချစ်တင်–ဒေါ်လှကြည် မိသားစု၊

● **ကျောဖုံးမှ**

ယင်းစီမံချက်များ အောင်မြင်အောင် ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယမန်နေ့နံနက်၇နာရီက ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ကကြီးမှူး၍ သဃ်န်းကျွန်းမြို့နယ် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် ကျန်းမာသန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်မှုအခမ်းအနားကို ယမန်နေ့နံနက် ၇နာရီက အထက(၃) ကျောင်းခန်းမတွင် ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဆွေဝင်းနှင့် ဇနီး ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေတို့ တက်ရောက် အားပေးပြီး အလှူငွေများကို လက်ခံယူခဲ့သည်။

**တက်ရောက်**

အခမ်းအနားသို့ အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန်နှင့် ဇနီး အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းရွှေယဉ်နှင့်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ၊ အရှေ့ပိုင်းခရိုင်အတွင်းရှိ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက အဖွင့်အမှာစကားပြောကြားပြီး တိုင်းမှူးက အလှူငွေများလက်ခံရယူ၍ ရုပ်မြင်သံကြားစက်နှင့် ကျောင်းသုံးပစ္စည်းများ ပေးအပ်သည်။

**ထောက်ပံ့**

ထို့နောက် တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေက ရပ်ကွက်ပေါင်း ၃၈ ရပ်ကွက်အား သန့်ရှင်းရေးလုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ပြီး ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာလှမြင့်က သွေးလွန်တုပ်ကွေးပညာပေး ရုပ်ပုံကားချပ်များ ပေးအပ်ရာ သဃ်န်းကျွန်းမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ချိုမာသိန်းက လက်ခံရယူပြီး မြို့နယ်အတွင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ လုပ်ငန်းများ ဆောင်ရွက်မှုအစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲနှင့် ပတ်သက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်ခိုင်က ရှင်းလင်းတင်ပြပြီး တိုင်းမှူးနှင့် ဇနီးတို့က ရပ်ကွက်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းခွဲများသို့ သစ်ပင်ပျိုးပင်များ ဝေငှပြီး အမှတ်တရ သစ်ပင်များ စိုက်ပျိုးပေးကြသည်။

**ရေစီးရေလာ**

တိုင်းမှူးနှင့်အဖွဲ့သည် ကျောင်းဝင်းအတွင်း သစ်ပင်စိုက်ပျိုးမှုနှင့် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကိုလည်းကောင်း၊ အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးဝင်းအတွင်း အရှေ့ပိုင်းခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က စိုက်ပျိုးထားသည့် ပရဆေးဥယျာဉ်နှင့်၁၀မျိုး၊ ၁၀ဘောင်၊ စင်တစ်စင်နှင့် အခြေခံပညာမူလတန်းကျောင်းအမှတ်(၅)တွင်မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက စိုက်ပျိုးထားသည့် ၁၀မျိုး၊၁၀ဘောင်နှင့် ချင်းစိုက်ပျိုးမှုကိုလည်းကောင်း၊ ငမိုးရိပ်ရပ်ကွက်အတွင်း ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်မှုကို ကြည့်ရှု အားပေးခဲ့ကြကြောင်း ရေးသားလိုက်ရပါသည်။ ။

**သတင်းမှတ်စုနှင့် ဓာတ်ပုံ**
**သိန်းဝင်းလေး(မြန်မာ့အလင်း)**



**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ် မှူး ချုပ် လှဆွေဝင်းနှင့်ဇနီး အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးဝင်း အတွင်း စိုက်ပျိုးထားသည့် ပရဆေးဥယျာဉ်ကို ကြည့်ရှုစဉ်။**
ဓာတ်ပုံ– သိန်းဝင်းလေး (မြန်မာ့အလင်း)

(ပန်းကမ္ဘာ မိသားစု)၊ ဦးအောင်ချို–ဒေါ်နုနု(နုရတနာရောင်းဝယ်ရေး)၊ ဦးအောင်မွန်–ဒေါ်လှလှမွန်(မြင့်မြတ်စပါးစိုက်ပျိုးထုတ်လုပ်ရေး)၊ ဦးအေးဘော်–ဒေါ်သိန်းနွယ် (ကြည်စုရပ်ကွက်)၊ ဦးတင်အေး (ပုသိမ်မြေရပ်ကွက်)၊ ဦးတင်စိုးလင်း (ရွှေပုဇွန်ကုမ္ပဏီလီမိတက်)၊ ဦးဝင်းမြင့် (UMFCCI)၊ ဦးကျော်ကျော်လှိုင်–ဒေါ်သဇင်ညွှန့်(Smark Technical Services)နှင့် ဦးကျော်နိုင်ဦး (နိုင်ဂရုပ်ဆောက်လုပ်ရေး)တို့က ငွေကျပ် ငါးသိန်းစီ၊ (ဦးသိန်းမောင်)–ဒေါ်ပါးပါး(စန္ဒီပရဆေးမိသားစု)က ငွေကျပ် ၃၀၃၀၀၀၊ ဒေါ်ကျင်ရီမိသားစု(ကောင်းကင်ရန့်)၊ ဦးစန်းလှိုင်–ဒေါ်သန်းသန်းဝင်း(ဒဂုံမြို့သစ်မြောက်ပိုင်း)၊ မြန်မာနိုင်ငံ ဆီကုန်သည်များအသင်း၊ ဦးချစ်မွှေး(သပြေညို)အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)၊ ဦးကျော်ဝင်း–ဒေါ်ခင်ဆွေဦး(ခ)ဒေါ်အေးအေးမော်(မြန်မာရွှေသရဖူဆောက်လုပ်ရေး)၊ ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် သာကေတနှင့် ဒေါပုံမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီတို့က ငွေကျပ် သုံးသိန်းစီ၊ ဦးကြည်လင်း–ဒေါ်နုနုလွင်(မြို့သစ် ရပ်ကွက်)နှင့် ဦးမောင်မောင်နှင့်ညီများ (ဂရိတ်ဝေါလ်ဆေးဝါးထုတ်လုပ်ရေး)တို့က ငွေကျပ် ၂၅၀၀၀၀စီ၊ ဦးရဲအောင်–ဒေါ်လှဲ့လှဲ့ဝင်း (သီရိကုဋေကြွယ် ကုမ္ပဏီ၊ ကြက်ဆူပင်စိုက်ပျိုးရေး)က ငွေကျပ် ၂၀၆၀၀၀၊ ဦးကျင်ဦး (ပေါ်ပြူလာပလတ်စတစ်လုပ်ငန်း)၊ ဦးဝေဇင် (ဒေါပုံမြို့နယ် ဆီကုန်သည်များအသင်း)၊ ဦးအောင်မြင့်–ဒေါ်တင်ရီ (ဝါဆိုရပ်ကွက်)၊ ဒေါ်ထွေး(ဝါဆိုရပ်ကွက်)၊ ဦးစိုးမြင့်–ဒေါ်သန်းမြ(ဝါဆိုရပ်ကွက်)၊ ဦးမြင့်သိန်း–ဒေါ်ချို(လမုတန်းရပ်ကွက်)၊ ဦးတင်ဝင်း–ဒေါ်စန်းဝင်း(KNကုမ္ပဏီ)၊ဦးမျိုးအောင်–ဒေါ်ခင်ရည်မွန် (ဆန်းမြန်မာကုမ္ပဏီလီမိတက်)နှင့် သီရိသုဓမ္မမဏ္ဍိဇောတဓရ ဦးစိုးသိန်း–ဒေါ်ခင်ချိုအုန်း (ခနအောင် ကုမ္ပဏီ)တို့က ငွေကျပ် နှစ်သိန်းစီ၊ ဦးတင်လှ (Camel Co., Ltd.) က ငွေကျပ်၁၁၀၀၀၀ အပါအဝင် စေတနာရှင် အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဆွေဝင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများက လက်ခံယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

**လှျောက်ထား**

ထို့နောက် မင်္ဂလာဒုံလေတပ်စခန်း ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ကျော်က ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်း လှျောက်ထားသည်။

**အမျှပေးဝေ**

ယင်းနောက် ပါဠိကာရီကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ အင်္ဂိသထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်အဖွဲ့ဝင်များ၊ ပရိသတ်များက ရေစက်ချ အနုမောဒနာတရား နာကြားကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ထို့နောက် သာကေတမြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူဝတ်အဖွဲ့က အရပ်(၁၀)မျက်နှာ မေတ္တာပို့သကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သာကေတမြို့နယ်နှင့် ဒေါပုံမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက်များနှင့် သီလရှင်စာသင်တိုက်များသို့ ယနေ့လှူဒါန်းသည့် လှူဒါန်းမှုအစုစုမှာ ဆွမ်းဆန်တော်၆၀၈အိတ်၊ ဆီ ၃၇၅ ပိဿာ ၆၀ကျပ်သား၊ အိုင်အိုဒင်းဆား ၂၆၅၆ ပိဿာ၊ ဆပ်ပြာ ၂၆၅၆တောင့်၊ သွားတိုက်ဆား၅၃၁ဘူး၊ တိုင်းရင်းဆေးမျိုးစုံ ၁၁၀၅ ဘူး၊ ပဲ၅၃၁ ပိဿာ ၂၀ကျပ်သားနှင့် ဆွမ်းပဒေသာပင်အလှူငွေကျပ် ၄၅၅၀၅၀၀၀ဖြစ်သည်။

**(သတင်းစဉ်)**

# အသက်(၁၇)နှစ်အောက် မြန်မာလူငယ်လက်ရွေးစင်ဘောလုံးအသင်း

■ **ကျောဖုံးမှ**

အသက်(၁၇)နှစ်အောက် မြန်မာလူငယ်လက်ရွေးစင်ဘောလုံးအသင်းသည် အာရှ(ယူ–၁၇) ခြေစစ်ပွဲစဉ်၌ ထိုင်း၊ မော်လဒိုက်တို့နှင့် တစ်အုပ်စုတည်းပါဝင်ခဲ့သည်။ ခြေစစ်ပွဲစဉ်များ ယှဉ်ပြိုင်ကစားရာတွင် မော်လဒိုက်အသင်းကို ၁၂ဂိုး– ဂိုးမရှိဖြင့် အနိုင်ရရှိပြီး အိမ်ရှင်ထိုင်းအသင်းနှင့် ဂိုးမရှိသရေကျခဲ့သည်။ ထိုင်းအသင်းက မော်လဒိုက်အသင်းကို ၁၀ဂိုး–ဂိုးမရှိဖြင့်သာ အနိုင်ရရှိသဖြင့် ဂိုးကွာခြားချက်အရ မြန်မာအသင်း အုပ်စုပထမရရှိပြီး ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းဖြစ်သည်။

**ဒုတိယရရှိ**

အသက်(၁၇)နှစ်အောက် မြန်မာလူငယ်လက်ရွေးစင်ဘောလုံးအသင်းသည် ၂၀၀၆ခုနှစ် အသက်(၁၇)နှစ်အောက် အာဆီယံလူငယ်ဘောလုံးပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ဒုတိယရရှိခဲ့သည်။ ၂၀၀၆ ခုနှစ် အာဆီယံ (ယူ–၁၇) ဘောလုံးပြိုင်ပွဲကို ဗီယက်နမ်နိုင်ငံ နမ်ဒင်းမြို့၌ ဩဂုတ်၂၁ရက်မှ ၂၆ရက်အထိကျင်းပခဲ့ရာ အိမ်ရှင် ဗီယက်နမ်အသင်းနှင့်အတူ မြန်မာ၊ လာအိုနှင့် ဘင်္ဂလားဒေ့ရှ်တို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

**ဂိုးကွာခြားချက်**

အသက်(၁၇)နှစ်အောက် မြန်မာလူငယ်လက်ရွေးစင်ဘောလုံးအသင်းသည် လာအိုအသင်းကို တစ်ဂိုး–ဂိုးမရှိ၊ ဘင်္ဂလားဒေ့ရှ်အသင်းကို သုံးဂိုး–တစ်ဂိုးဖြင့်အနိုင်ရရှိပြီး အိမ်ရှင်ဗီယက်နမ်အသင်းကို လေးဂိုး–ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ မြန်မာလူငယ် အသင်းသည် သုံးပွဲကစား နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး ခြောက်မှတ်ရရှိသည်။ အိမ်ရှင် ဗီယက်နမ်အသင်းကလည်း သုံးပွဲကစား နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး ခြောက်မှတ်ရရှိသည်။ မြန်မာအသင်းနှင့်ဗီယက်နမ်အသင်းတို့ ရမှတ် ခြောက်မှတ်စီ တူညီသော်လည်း ဂိုးကွာခြားချက်အရ ဗီယက်နမ်အသင်းက ပထမရရှိပြီး မြန်မာအသင်းက ဒုတိယနှင့် ကျေနပ်ခဲ့ရသည်။

**လိုက်ပါဆောင်ရွက်**

အသက်(၁၇)နှစ်အောက် အာရှလူငယ်ဘောလုံးပြိုင်ပွဲဝင် အသက်(၁၇)နှစ်အောက် မြန်မာလူငယ်လက်ရွေးစင်ဘောလုံးအသင်းတွင် အုပ်ချုပ်သူအဖြစ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဌေးအောင်၊ နည်းပြချုပ်အဖြစ် Mr.Rodoy Hristov Minkovski (ဘူဂေးရီးယား)၊ နည်းပြအဖြစ် ဦးခင်မောင်တင့်(ပို့ဆောင်ရေး)၊ လက်ထောက်နည်းပြများအဖြစ် ဦးဇော်လေးအောင်(အား/ကာ ဦးစီးဌာန)နှင့် ဦးကျော်လွင်(ကာကွယ်ရေး)၊ ဂိုးနည်းပြအဖြစ် ဦးထွန်းတင့်အောင် (ကာကွယ်ရေး)၊ အသင်းဆရာဝန်အဖြစ် ဒေါက်တာအုပ်စိုးဦး(အား/ကာဦးစီးဌာန)တို့က လိုက်ပါဆောင်ရွက်ကြသည်။

**အားကစားသမား**

အားကစားသမားများအဖြစ် **(ဂိုး)** စိုးမင်းသူ(အား/ကာသိပ္ပံ၊ ရန်ကုန်)၊ **(နောက်တန်း)** နိုင်လင်းထွန်း(စွမ်းအင်)၊ ပြည့်ဖြိုးကိုကို၊ အောင်ဇော်လင်း၊ ငြိမ်းဉာဏ်စိုး၊ မြတ်နိုင်အောင် (အား/ကာ သိပ္ပံ၊ မန္တလေး)၊ ကောင်းမြတ်ဦး၊ အောင်ပြုံးကြိုင်(အား/ကာသိပ္ပံ၊ ရန်ကုန်)၊ **(အလယ်တန်း)** ကောင်းမြတ်ဟန်(ရန်ကုန်တိုင်း)၊ ပိုင်မျိုးဦး၊ ချစ်ကိုကိုထွေး၊ ဒေးဗစ်ဒန်း၊ တင်အောင်ဝင်း(အား/ကာသိပ္ပံ၊ မန္တလေး)၊ ဇော်လင်း(အား/ကာသိပ္ပံ၊ ရန်ကုန်)**(ရှေ့တန်း)** ကျော်ကိုကို–၂၊ ရန်အောင်ဝင်း(အား/ကာသိပ္ပံ၊ မန္တလေး)၊ အောင်မြင့်ထွန်း(အား/ကာ သိပ္ပံ၊ ရန်ကုန်)၊ လှဖြိုး(ပို့ဆောင်ရေး)တို့ ပါဝင်ကြသည်။

**အုပ်စုလေးစု**

အသက်(၁၇)နှစ်အောက် အာရှ လူငယ်ဘောလုံးပြိုင်ပွဲအတွက် ခြေစစ်ပွဲအောင်မြင်ထားသော အသင်းများကို အုပ်စုလေးစုခွဲထားရာ အုပ်စု(က)၌ ဂျပန်၊ တောင်ကိုရီးယား၊ နီပေါနှင့် စင်ကာပူ၊ အုပ်စု(ခ)၌ အီရန်၊အီရတ်၊ တာဂျီကစ္စတန်နှင့် ယီမင်၊ အုပ်စု(ဂ)၌ မြောက်ကိုရီးယား၊ မြန်မာ၊ လာအိုနှင့် ဆော်ဒီအာရေဗျ၊ အုပ်စု(ဃ)၌ ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ ဆီးရီးယားနှင့် ဗီယက်နမ်တို့ ပါဝင်ကြသည်။

အုပ်စုတစ်စုစီမှ အုပ်စုပထမနှင့် အုပ်စုဒုတိယရရှိသော အသင်းများသည် ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခွင့်ရရှိမည်ဖြစ်သည်။ အကြိုဗိုလ်လုပွဲ တက်ရောက်နိုင်သော လေးသင်းသည် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(FIFA)က ကြီးမှူးကျင်းပမည့် အသက်(၁၇)နှစ်အောက် ကမ္ဘာ့ဖလား လူငယ်ဘောလုံးပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်သည်။ အသက်(၁၇)နှစ်အောက် ကမ္ဘာ့ဖလား လူငယ်ဘောလုံးပြိုင်ပွဲကို ၂၀၀၇ခုနှစ်တွင် တောင်ကိုရီးယားနိုင်ငံ၌ ကျင်းပမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

# နိုင်ငံတကာအဆင့်မီ Mr. Dentist သွားဘက်ဆိုင်ရာ ဆေးခန်းဖွင့်လှစ်

**ရန်ကုန် စက်တင်ဘာ ၃**

နိုင်ငံတကာအဆင့်မီ Mr. Dentist သွားဘက်ဆိုင်ရာ ဆေးခန်းဖွင့်လှစ်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီက Summit Parkview Hotel Bollroom ၌ ကျင်းပရာ အခမ်းအနားသို့ ကျန်းမာရေး ဦးစီးဌာနမှ ဖိတ်ကြားထားသူများ၊ မြန်မာနိုင်ငံသွားဘက်ဆိုင်ရာအသင်း ဥက္ကဋ္ဌနှင့် ဆရာဝန်ကြီးများ၊ စာနယ်ဇင်းများမှ ပုဂ္ဂိုလ်များ၊ ဧည့်သည်တော်များ တက်ရောက်ကြသည်။

**ဖြေကြား**

ရှေးဦးစွာ Mr. Dentist Dental Clinic မှ မန်နေဂျာ ဒေါက်တာမင်းရောင် **(ဝဲပုံ)**က ဆေးခန်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ပေါ်ပြူလာဂျာနယ်မှ အယ်ဒီတာချုပ် ဦးဟိန်းလတ်က အမှာစကားပြောကြားသည်။ ထို့နောက် ဒေါက်တာမင်းရောင်က ဆေးခန်းဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး စာနယ်ဇင်းများမှ ပုဂ္ဂိုလ်များ၏ သိလိုသည်များကို ပြန်လည်ဖြေကြားသည်။

**ကုသပေးမည်**

အဆိုပါ ဆေးခန်းသည် နိုင်ငံတကာအဆင့်မီ စက်ပစ္စည်းကိရိယာများတပ်ဆင်ထားပြီး နိုင်ငံခြား၌ ဘွဲ့လွန်ပညာသင်ယူထားသော ဆရာဝန်ကြီးများနှင့် ဝါရင့်ကျွမ်းကျင်သော ဆရာဝန်ကြီးများက သွားနှင့်ခံတွင်းဘက်ဆိုင်ရာ ရောဂါအမျိုးမျိုးကို ကုသပေးမည်ဖြစ်ကြောင်း၊ ဆေးခန်းသုံးပစ္စည်းကိရိယာများကို နိုင်ငံတကာကျန်းမာရေးစံချိန်စံညွှန်းနှင့်အညီဖိအားသုံး ပေါင်းအိုးကိရိယာများဖြင့် ရောဂါပိုးမွှားများ ကင်းရှင်းအောင် အထူးစီမံဆောင်ရွက်ထားကြောင်း သိရသည်။

**စုံစမ်းနိုင်**

ဆေးခန်းကို Summit Parkview Hotel ဒုတိယထပ် အခန်းနံပါတ် ၂၄၅–၂၄၆တွင် နေ့စဉ် နံနက် ၁၀နာရီမှ ည ၇နာရီခွဲအထိ ပိတ်ရက်မရှိ ဖွင့်လှစ်ထားပြီး အရေးပေါ်ကိစ္စရပ်များအတွက် ၂၄နာရီ ဝန်ဆောင်မှုအနေဖြင့် ဖုန်း–၀၉–၅၀–၀၆၆၉၂သို့ ဆက်သွယ် ဆောင်ရွက်နိုင်ကြောင်း၊ အသေးစိတ်သိလိုပါက ဖုန်း–၂၁၁၈၈၈ (လိုင်းခွဲ)(၂၄၅)သို့ ဆက်သွယ် စုံစမ်းမေးမြန်းနိုင်သည်။ **(သတင်းစဉ်)**




# ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်း၌ နေရာကွက်၍မိုးကြီးနိုင်

ရန်ကုန် စက်တင်ဘာ ၃

**လွန်ခဲ့သော၂၄နာရီအတွင်းက စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်နှင့်ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်၌ နေရာကွက်၍ မိုးကြီးခဲ့သည်။**

**ယနေ့နံနက် ၆နာရီခွဲတိုင်းထွာချက်များအရ ယမန်နေ့က ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းသို့ ရွေ့လျားခဲ့ပြီး ဆက်လက်တည်ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေ အားနည်းနေပြီး ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားကောင်းနေသည်။**

**စက်တင်ဘာ၄ရက်ညနေအထိခန့်မှန်းချက်အရ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့၌ နေရာကျဲကျဲ၊ ကချင်ပြည်နယ်နှင့်ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။**

**မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင်၄၀ အထိ တိုက်ခတ်နိုင်သည်။**

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအထက်ပိုင်း ဒေသများတွင် အများအားဖြင့်မိုးလျော့နည်းနိုင်သည်ဟုသိရသည်။** (မြန်မာ့အလင်း)

# ရန်ကုန်–မန္တလေး အထူးအမြန် လူစီးရထားပြေးဆွဲခြင်း ကြေညာချက်

**ရန်ကုန်–မန္တလေးလမ်းပိုင်းတွင် အထူးအမြန် လူစီးရထားကို ၄–၉–၂၀၀၆ ရက်မှ စတင်ပြေးဆွဲမည်ဖြစ်ရာ ရန်ကုန်–မန္တလေး အထူးအမြန် လူစီးရထားသည် ရန်ကုန်ဘူတာကြီးမှ နေ့စဉ် ညနေ ၅ နာရီတွင်လည်းကောင်း၊ မန္တလေး–ရန်ကုန် အထူးအမြန် လူစီးရထားသည် မန္တလေးဘူတာကြီးမှ နေ့စဉ် ညနေ ၄ နာရီ ၁၅ မိနစ်တွင်လည်းကောင်း ထွက်ခွာမည်ဖြစ်ကြောင်းနှင့် လမ်းခရီးတွင် ပျဉ်းမနားဘူတာ၌သာ ရပ်တန့်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။**

မြန်မာ့မီးရထား။

# အဝလွန်ခြင်းပြဿနာနှင့် ပိန်ချင်လွန်းသည့် ဝေဒနာ

ဒေါက်တာနိုက်တင်ဂေးလ်

ယနေ့ကမ္ဘာတစ်ဝန်းတွင် သိပ္ပံပညာ၊ နည်းပညာများ တိုးတက်ထွန်းကားလာသည်နှင့်အမျှ အဝလွန်ခြင်း ပြဿနာမှာလည်း ကြီးထွားလာနေပါသည်။ ကမ္ဘာမှာ လူဦးရေသန်းပေါင်း ၆၀၀၀ ကျော်ရှိသည့် အနက် သန်းပေါင်း ၁၇၀၀ သည် ကိုယ်အလေးချိန် ရှိသင့်သည်ထက် ပိုနေသောလူဝများ ဖြစ်ကြလေသည်။ အာဟာရ မပြည့်ဝ၍ ငတ်မွတ်ခေါင်းပါးသူ အရေအတွက်မှာ သန်းပေါင်း ၈၀၀ မျှရှိ၍ ကမ္ဘာတစ်ဝန်း၌ ငတ်မွတ် ခေါင်းပါးသူများထက် အဝလွန်သူများက ပို၍များပြားလာကြောင်း ကျွမ်းကျင်သူများက သုံးသပ်ပြထားပါသည်။ ကျွန်မတို့နိုင်ငံမှာလည်း လူဝပြဿနာရှိလာပါပြီ။ ကျွန်မတို့ မိတ်ဆွေသူငယ်ချင်းတစ်တွေ ပြန်လည် ဆုံစည်းကြသည့် အခါတိုင်းမှာ သူ့ထက်ငါအရင် ဦးအောင်ပြောနေကြရသော စကားတစ်ခွန်းရှိသည်။ "ဟယ်–ဝလာတယ်နော်"ဟူ၍။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အဓိပ္ပာယ်သတ်မှတ်ချက်အရဆိုလျှင် အဝလွန်ခြင်းဆိုသည်မှာခန္ဓာကိုယ်ထဲ၌ အဆီပိုတွေ တစ်စတစ်စစုပုံလာခြင်းပင်။ ဝခြင်းကြောင့်၊အဝလွန်ခြင်းကြောင့်ယင်း၏နောက်ဆက်တွဲဒုက္ခများအပြင် ယင်းကြောင့်တွဲဖက်လျက် ကြုံဆုံခံစားရသော ကျန်းမာရေးပြဿနာတို့ကလည်း အများကြီးပါ။ ကိုယ်ခန္ဓာကျန်းမာရေးသာမက စိတ် ကျန်းမာရေးပါ ထိခိုက်လာနိုင်သောအခြေအနေရှိပါသည်။ ဆီးချို သွေးချိုရောဂါဝေဒနာရှင်များ၏ ၈၀ ရာခိုင်နှုန်းသည်ဝသောသူများဖြစ်ကြသည်။ သွေးတိုးရောဂါဆိုလျှင် လူဝများမှာ နှစ်ဆကနေ ခြောက်ဆအထိ ပိုဖြစ်နိုင်ပါသည်။ အလွန်ဝသူများသည် အသက် ၆၅နှစ်မတိုင်မီ နှလုံးသွေးကြောကျဉ်း ရောဂါနှင့် လေဖြတ်ခြင်းတို့ သာမန် ကိုယ်အလေးချိန်ရှိသူများထက် သုံးဆမှ ငါးဆပိုဖြစ်ကြောင်း ဆေးသုတေသန မှတ်တမ်းများအရ သိရှိရပါသည်။ နှလုံးရောဂါဝေဒနာရှင်များ၏ ၂၁ ရာခိုင်နှုန်းသည် ကိုယ်အလေးချိန်များခြင်းနှင့် တိုက်ရိုက်ဆက်စပ်နေကြောင်း လေ့လာသုံးသပ်ထားပါသည်။ ထို့အတူ သားအိမ်ကင်ဆာရောဂါဖြစ်ပွားသူ အမျိုးသမီးများ၏၄၀ ရာခိုင်နှုန်း၊ ကျောက်ကပ်ရောဂါသည် လူနာများ၏ ၂၅ရာခိုင်နှုန်း၊ အူမကြီးကင်ဆာနှင့် ရင်သားကင်ဆာ ဖြစ်ပွားသူများ၏၁၀ ရာခိုင်နှုန်းမှာ ဝဖြိုးခြင်းကို အခြေခံကာ ဖြစ်လာရကြောင်း ဆန်းစစ်တွေ့ရှိရပါသည်။

ဤသို့ဆိုလျှင် လူသားတိုင်း အနာရောဂါကင်းကွာလျက် သက်ရှည်ကျန်းမာ ပျော်ရွှင်ချမ်းသာရေးအတွက် အဝမလွန်အောင် ထိန်းသိမ်းကြရန်အရေးတကြီး လိုအပ်နေသည် မဟုတ်ပါလား။

လူတစ်ယောက်ကို ဘယ်လိုအနေအထားမှာ ဝနေသူ၊ အဝလွန်သူဟုပြောနိုင်ပါသလဲ။

လူတစ်ဦးတစ်ယောက်သည် သူ၏မျိုးနွယ်၊ အသက်အရွယ်၊ အရပ်အမောင်း၊ ခန္ဓာကိုယ်အချိုးအဆက်အတွက် ရှိသင့်ရှိထိုက်သော အလေးချိန်ထက် ၁၀ ရာနှုန်းပိုများလျှင် "ဝ"နေပြီဟု ပြောနိုင်ပြီး ၂၀ ရာခိုင်နှုန်း ပိုများလျှင်မူ အဝလွန်သူ ဖြစ်ပါသည်။ ခန္ဓာကိုယ်ထုထည် အညွှန်းကိန်း(Body Mass Index)တွက်ချက်နည်းဖြင့်လည်း သိနိုင်ပါသည်။

**ခန္ဓာကိုယ်ထုထည် အညွှန်းကိန်း = ခန္ဓာကိုယ်အလေးချိန် (ကီလိုဂရမ်) / အရပ်အမြင့် (မီတာ)၂**

၁ပေါင် =၀ဒသမ၄၅၃၅ ကီလိုဂရမ်

၁ပေ =၀ဒသမ၃၀၄၈ မီတာ

ဤနည်းဖြင့် မိမိ၏ခန္ဓာကိုယ်ထုထည် အညွှန်းကိန်း (B.M.I) ကို တွက်ချက်ကြည့်၍ ၂၀မှ ၂၅ အတွင်းရရှိလျှင် ပုံမှန်ဖြစ်၏။ ၂၅ မှ ၃၀ အတွင်းဆိုလျှင် "ဝ" သောအဆင့်သို့ ချင်းနင်းဝင်ရောက်နေပြီဖြစ်၍ သတိထားထိန်းသိမ်းရပေတော့မည်။ ၃၀ အထက်ဆိုလျှင် အဝလွန်သူများ အုပ်စုဝင်ဖြစ်လေပြီ။

နောက်တစ်ခုက ခါး၊တင်အချိုး (Recommen-ded waist hip ratio)ဖြင့်လည်း ဆန်းစစ်နိုင်ပါသည်။

**ခါးတင်အချိုး = ခါးပတ်လည်တိုင်းတာရရှိသောလက်မ / တင်ပတ်လည်တိုင်းတာသောလက်မ**

အမျိုးသားတစ်ဦး၏ ခါး၊ တင်အချိုးသည် ၀ဒသမ ၉ ထက်နည်းရမည်ဖြစ်ပြီး အမျိုးသမီးဆိုလျှင် ၀ဒသမ ၈ ထက် နည်းသင့်ပေသည်။ အမျိုးသမီးတစ်ဦး၏ ခါးလုံးပတ် အတိုင်းအတာသည် ၃၅ လက်မ၊ အမျိုးသားအတွက် လက်မ ၄၀ ရှိနေပြီဆိုလျှင် နှလုံးသွေးကြောကျဉ်းရောဂါဖြစ်ရန် အလားအလာများလာပြီဖြစ်၍ အန္တရာယ် အချက်ပေးခေါင်းလောင်းသံမြည်နေလေပြီ။

များသောအားဖြင့် လူများမှာ အသက် ၄၀ ကျော်လာလျှင် ဝဖိုင့်လာတတ်ကြ၏။ ဝဖြိုးလာစေတတ်သော အကြောင်းရင်းများအနက် ဖြစ်နိုင်ခြေအရှိဆုံးမှာ စားသုံး လိုက်သော အာဟာရစွမ်းအင် ကယ်လိုရီက အသုံးပြုသော စွမ်းအင်ကယ်လိုရီထက် ပိုမိုလွန်ကဲနေခြင်းကြောင့် ဖြစ်တတ်ပါသည်။

ထိုကဲ့သို့ စွမ်းအင်ကယ်လိုရီ အဝင်နှင့်အထွက် စည်းဝါး မကိုက်ညီခြင်းမှာ–

**(က) အစားအသောက်လွန်ကဲခြင်းနှင့်**

**(ခ) စွမ်းအင်အသုံးချမှုနည်းပါးခြင်း(တစ်နည်း) လှုပ်ရှားမှုနည်းခြင်း တစ်ခုခုကြောင့်သော်လည်းကောင်း၊ နှစ်ခုစလုံးကြောင့်သော်လည်းကောင်း ဖြစ်နိုင်ပါသည်။**

ဝစေတတ်သောအစားအစာများမှာ–

**(က) ကစီဓာတ်အဓိကပါဝင်သော ဆန်၊ ဂျုံ၊ ပြောင်းနှင့်ပြုလုပ်ထားသောအစားအစာ၊**

**(ခ) အဆီဓာတ်များသော အဆီအဆိမ့် အကြော်စာများနှင့်**

**(ဂ) အချိုဓာတ်ကြွယ်ဝသော အချိုစာ၊ အချိုရည်တို့ ဖြစ်ပါသည်။**

အနောက်နိုင်ငံများတွင် ဝသူတို့အတွက် အစားအသောက်ကို စီစဉ်တွက်ချက်စားသောက်ရန် ညွှန်ကြားပေးနေသော အာဟာရပါရဂူများရှိသည်ဟု သိရပါသည်။ လူဝများအတွက် သင့်တော်သော အစားအသောက်တို့ကို အထူးအစီအစဉ်ဖြင့် ရောင်းချပေးနေသည်ဟုလည်းဆိုပါသည်။ **အမှန်စင်စစ် ပိန်ချင်သူများ ပိန်အောင် လုပ်ရာတွင် စားသည့်အစားအစာပမာဏ အနည်းအများထက် အမျိုးအစားကပိုအရေးကြီးပါသည်။ အသီးအရွက်ကြော် တစ်ပန်းကန် တဝကြီးစားပစ်လိုက်ခြင်းထက် ဒံပေါက်ထမင်းလက်တစ်ဆုပ်စာနှင့် အချိုရည် တစ်ခွက်သောက်လိုက်ခြင်းက ပိုပြီးဝစေပါသည်။ တစ်ကြိမ်တည်း တစ်ထိုင်တည်း တဝကြီး စားပစ်လိုက်ခြင်းထက် ခဏခဏစားခြင်းက ပို၍ဝစေပါသည်။ တတ်ကျွမ်းနားလည်သော ဆရာဝန်များနှင့်တိုင်ပင်ပြီး ဆရာဝန် ညွှန်ကြားချက်အတိုင်း တိတိကျကျ လိုက်နာ နိုင်သူများအနေဖြင့် အောင်မြင်မှုရရှိသည်ကို တွေ့ဖူးပါသည်။ အရေးကြီးသည်မှာ ပိန်ချင်ဇောနှင့် ဆင်ကန်းတောတိုး မလုပ်မိကြရန် သတိပြုရပါမည်။ ဥပမာအားဖြင့် ညစာလုံးဝမစားဘဲ သံပရာရည်ကိုသာ ဖိသောက်နေခြင်းမျိုး။ ထမင်းကို အနပ်ရှော၊ ပမာဏ ပါလျှော့စားခြင်းဖြင့် မတင်းတိမ်သည့်အတွက် တခြားသရေစာများ မကြာခဏ စားစားနေမိခြင်းမျိုးကြောင့် ပို၍ပို၍ ဝလာတတ်ပါသည်။**

ဝသူများသည် ပုံမှန်ပုဂ္ဂိုလ်များထက် လှုပ်ရှားမှုနည်းပါးတတ်ကြ၏။ ကိုယ်ကာယလှုပ်ရှားမှု နည်းပါးလာခြင်းသည် အဝလွန်ကဲစေသော အကြောင်းရင်းဖြစ်သကဲ့သို့ အဝလွန်ကဲ လာခြင်းကြောင့်လည်း ကိုယ်ကာယ လှုပ်ရှားမှုနည်းပါးနှောင့်နှေးလာကြသည်။ လူမှုစီးပွားရေး အဆင့်အတန်းအရ အဝလွန်မှုများကို သုတေသန စစ်တမ်းများအနေဖြင့် ဖွံ့ဖြိုးပြီးနိုင်ငံများတွင် အဝလွန်ကဲ နေသူများကို အောက်ခြေလူတန်းစားများ၌ အတွေ့ရများပြီး ဖွံ့ဖြိုးစနိုင်ငံများ၌မူ အဝလွန်ကဲမှုများကို ငွေကြေး ကြွယ်ဝပေါ်များသူတို့မှာ တွေ့ရသည်ဟုဆိုပါသည်။

အဝလွန်ကဲမှုများကို မိသားစု အသိုင်းအဝိုင်း၊ မျိုးရိုးအလိုက် လက်ဆင့်ကမ်းတတ်သော အမွေပစ္စည်း တစ်ခုနှယ်လည်း တွေ့ရတတ်ပါသည်။ ကျွန်မ၏အမြင်မှာ စားသောက်နေထိုင်မှုပုံစံ၊ အကျင့်စရိုက်သဘာဝတူညီမှုကြောင့်ဖြစ်မည်ဟု ယူဆပါသည်။

အဝလွန်ကဲခြင်းကို ဝစေသောအကြောင်းရင်းခံအရ ပထမအဆင့်အနေအားဖြင့် ဝခြင်းနှင့် ဒုတိယအဆင့်အားဖြင့် အဝလွန်ကဲခြင်းဟူ၍ နှစ်မျိုးနှစ်စား ခွဲခြားနိုင်ပေသည်။

ပထမအဆင့်အားဖြင့် ဝခြင်းသည် စားသုံးလိုက်သော အာဟာရစွမ်းအင် ကယ်လိုရီနှင့် အသုံးပြုသော စွမ်းအင်ကယ်လိုရီတို့ မမျှတမညီညွတ်မှုကြောင့် အဓိကဖြစ်၏။ ဒုတိယအဆင့်အားဖြင့် အဝလွန်ကဲရခြင်းမှာ ခန္ဓာကိုယ်တွင်း ဟော်မုန်းဓာတ်သဘာဝများ ပုံမှန်မဟုတ်ခြင်းကြောင့်သော်လည်းကောင်း၊ မိမိတို့၏ ကျန်းမာရေးအခြေအနေ၊ ရောဂါအနေအထားကြောင့် သောက်သုံးရသော ဆေးဝါး၊ ဥပမာအားဖြင့် စတီးရွိုက် (Steroids)၊ အီစထရိုဂျင်ဟော်မုန်းပါဝင်သော ပဋိသန္ဓေတားသည့် စားဆေး (o.c.pills)၊ ဖီနိုသိုင်ရာဇင်း (Phenothia zine)၊ အင်ဆူလင် (Insulin) များကြောင့်သော်လည်းကောင်းဖြစ်သည်။

ရောဂါဗေဒသဘောအရ အဝလွန်ကဲခြင်းကို ငယ်စဉ်ကတည်းက ဝလာခြင်းနှင့် အသက်ကြီးမှ ဝဖိုင့်လာခြင်းဟူ၍ နှစ်မျိုးနှစ်စားခွဲခြားပါသည်။ အသက်ကြီးလာမှ ဝဖိုင့်လာခြင်းသည် ငယ်စဉ်ကတည်းက အဝလွန်ကဲခြင်းလောက် ယေဘုယျအားဖြင့် မပြင်းထန်၊ မဆိုးရွားပါချေ။

အဝလွန်ကဲသူများမှာ သူတစ်ပါးနှင့်မတူ၊ ထူထဲသော အဆီပြင်အလွှာလွှာရှိသည်။ သူတို့၏ ခန္ဓာကိုယ်ကြီးကို အနိုင်နိုင် သယ်ဆောင်ရွေ့လျားနေရခြင်းကြောင့် မတော်တဆထိခိုက်မှုများ၊ ဒဏ်ရာအနာတရ ဖြစ်ပွားရမှုများ ပိုမိုကြုံတွေ့ကြရသည်။

ဝသူများသည် သူတို့၏ခန္ဓာကိုယ် ဝန်ထုပ်ဝန်ပိုးကြီးကို မနိုင့်တနိုင် သယ်ဆောင်ပေးနေရသော သူတို့၏ ဒူးဆစ်၊ ခါးဆစ်၊ တင်ပါးဆုံဆစ်၊ ခြေမျက်စိအဆစ်နှင့် ခြေဖဝါး၊ ခြေဖမိုးအဆစ်များကို သနားကရုဏာသက်သင့်သည်။ ထိုအဆစ်များမှာ နည်းနည်းလောက် လှုပ်ရှားလိုက်ရလျှင်ပင် များများနာကျင် ပင်ပန်းတတ်ပါသည်။

ဝသူများ၏ ဝမ်းဗိုက်ကြွက်သားများမှာ အဆီများ ဝင်ရောက်လာမှုကြောင့် အားနည်းသွားပြီး ဝမ်းဗိုက်တွင်းမှ ကလီစာအင်္ဂါများကိုမားမားမတ်မတ် ထိန်းသိမ်းထားနိုင်ခြင်းမရှိတော့ဘဲ ဝမ်းဗိုက်ကြီးများ စူရွဲလာကြသည်။

သွေးပြန်ကြောများမှ အဆို့ရှင်ကြွက်သားများမှာလည်း အဆီများ ဝင်ရောက်လာမှုကြောင့် ဝသောသူများတွင်သွေးကြောထုံးများမကြာခဏတွေ့ရတတ်၏။

ရင်ခေါင်းဝန်းကျင်နှင့် ဝမ်းခေါင်းမြေးအောက်တို့တွင် အဆီများ ဝင်ရောက်နေရာယူလာတတ်သဖြင့်လည်း ဝသောသူများမှာ အသက်ရှူသွင်း၊ ရှူထုတ်ယန္တရားအား အနှောင့်အယှက်ဖြစ်စေပြီး အဆုတ်ပွွန်ရောင်ရမ်းခြင်းနှင့် အဆုတ်ရောဂါများ ဖြစ်ပွားတတ်ပါသည်။

ထို့အပြင် ဝသူများမှာ သည်းခြေကျောက်တည်ခြင်း၊ သည်းခြေပြွန်ရောင်ရမ်းခြင်း၊ သွေးကြောအဆီပိတ်ခြင်းနှင့် အဆစ်ရောင်ရောဂါများ အဖြစ်များပါသည်။

ဝသူများမှာ အထူးသဖြင့် စိတ်ကျရောဂါနှင့် အစိုးရိမ် လွန်ကဲမှုရောဂါများ ဖြစ်တတ်၏။ အဝလွန်ကဲသူ လူငယ်အမျိုးသား၊ အမျိုးသမီးများသည် ဆွဲဆောင်မှုအားနည်းပါးသည်ဟု သူတို့၏ခန္ဓာကိုယ် အပေါ် အထင်ရောက်ကာ စိတ္တဇနှင့် လိင်မှုဆိုင်ရာ ပြဿနာများ ဖြစ်လာတတ်ပါသည်။

ဝသူများ ကိုယ်ဝန်ဆောင်၊ ကလေးမွေးဖွားလျှင် နောက်ဆက်တွဲပြဿနာများတက်ပြီး ကလေးအသေအပျောက်နှုန်းများတတ်သည်။ ထို့အပြင်ဝသူများ အတွက် ခွဲစိတ်ကုသရန် ကြုံဆုံလာရပါမူ ခွဲစိတ်ရ ပိုခက်ခဲတတ်ပါသည်။ ၎င်းတို့၏ အဆီများ အစားထိုး ဝင်ရောက်နေမှုကြောင့်ဝမ်းခေါင်းမြေးမှာကောင်းကောင်း အလုပ်မလုပ်နိုင်တော့ဘဲ မေ့ဆေး၊ ထုံဆေး နောက်ဆက်တွဲ အခက်အခဲများစွာ ကြုံတွေ့ရပါသည်။ မည်သည့် အသက်အရွယ်အတွက်မဆို ဝသူများက သေနှုန်းပိုများ၍ အဝလွန်ကဲမှုသည် ကောင်းကျိုးမပေး ဆိုးကျိုးများကိုသာ တွင်တွင်ဖြစ်ပေါ်စေတတ်သဖြင့် အဝလွန်ကဲမှု ဝေဒနာကို ကျွန်မတို့ ဖယ်ရှားကုသကြဖို့ လိုအပ်လှသည်။ မည်သို့ ကုသကြပါမည်နည်း။

(၁) မိမိတို့ စားသုံးနေသော အာဟာရစွမ်းအင် ကယ်လိုရီ လွန်ကဲနေမှုကို လျှော့ချပစ်ရပါမည်။ ခန္ဓာကိုယ်အလေးချိန် ရုတ်တရက် ဝုန်းခနဲ လျော့ကျသွားခြင်းမျိုးထက် ဖြည်းဖြည်းမှန်မှန် လျော့ကျသွားလျှင် ပိုကောင်းပါသည်။ အပတ်စဉ် တစ်ပတ်လျှင် ခန္ဓာကိုယ်အလေးချိန် ၀ဒသမ ၅ကီလိုဂရမ်မှ တစ်ကီလိုဂရမ်အထိ မှန်မှန်လျှော့ချ သွားသင့်ပါသည်။ ဝသူများကို ဒုက္ခအပေးဆုံးမှာ အဆီများပါဝင်သော အစာများဖြစ်သည်။ ဘီစကစ်မုန့်၊ ကိတ်မုန့်တို့တွင် အဆီများစွာ ပါဝင်သော်လည်း မသိသာလှဘဲ အရသာရှိပြီး စားကောင်းသောကြောင့် ကြိုက်နှစ်သက်သူများပါ၏။ ဝသူများရှောင်ရှားသင့်ပေသည်။ စိမ်းလန်းသော ဟင်းသီးဟင်းရွက်များမှာ ကယ်လိုရီပါဝင် မှုနည်းပြီး ဝမ်းချုပ်ခြင်းလည်း နည်းစေသဖြင့် ဝသူများအတွက် အထူးပြုစားသင့်သောအစာမှာ လတ်ဆတ်သန့်ရှင်းသော ဟင်းသီးဟင်းရွက်များပင် ဖြစ်၏။ သေရည် သေရက်တို့မှာ ကယ်လိုရီ၏အရင်းအမြစ်ဖြစ်ပြီး ခန္ဓာကိုယ်ရှင်သန်မှုအတွက် အရေးပါသောဓာတ်သဘာဝ မပါဝင်ပါ။ ထို့အပြင် စားချင်သောက်ချင်စိတ်ကိုလည်း နှိုးဆွပေးတတ်ပါသည်။ ဝီစကီနှင့်ရေကိုအချိုးကျ ရောစပ်ထားသော အရည် ၃၀ စီစီတွင် ကီလို ကယ်လိုရီ ၇၀ ပါဝင်ကြောင်း စမ်းသပ်တွေ့ရှိ ရသည်မှာ လေ့လာဆင်ခြင်ဖွယ်ဖြစ်ပေသည်။

(၂) လေ့ကျင့်ခန်းမှန်မှန်ပြုလုပ်ပေးခြင်းဖြင့် ခန္ဓာကိုယ်အလေးချိန် လျှော့ချနိုင်ပါသည်။ သို့ရာတွင် ပြင်းထန်သော လေ့ကျင့်ခန်း ပြုလုပ်ခြင်းမျိုးမှာ အန္တရာယ်ရှိတတ်သဖြင့် ရှောင်ရှားသင့်ပေသည်။ အရေးကြီးသည်မှာ နေ့စဉ်မှန်မှန် ပြုလုပ်ဖို့ပင်။ အေရိုးဗစ်လေ့ကျင့်ခန်းများ၊ လမ်းလျှောက်ခြင်း၊ ရေကူးခြင်း၊သစ်ပင်ပန်းပင် စိုက်ပျိုး ယုယခြင်း၊ နိစ္စဓူဝအိမ်မှုကိစ္စများပြုလုပ်ခြင်းတို့မှာ သင့်တော်ကောင်းမွန်သော လေ့ကျင့်ခန်းများ ဖြစ်သဖြင့် ခန္ဓာကိုယ်အလေးချိန် လျှော့ချလိုသူများ ဂရုတစိုက်နှင့် နေ့စဉ်မှန်မှန် ပြုလုပ်သင့်ပေသည်။ ခရီးတာအကွာအဝေး သုံးမိုင်မျှ၊ နေ့စဉ်တစ်နာရီကြာ လမ်းလျှောက်ပေးခြင်းဖြင့် ခန္ဓာကိုယ်စွမ်းအင်ကီလိုကယ်လိုရီ ၂၄၀ ကုန်ဆုံး စေနိုင်ကြောင်း ဆေးပညာစာအုပ်များတွင်ဆိုထားပါသည်။

**ပိန်ချင်သူများမှာ ဇွဲရှိပြီး စိတ်ရှည်ဖို့လိုအပ်ပါသည်။ စည်းမဲ့ကမ်းမဲ့ ပရမ်းပတာ စားသောက်နေထိုင်သော အလေ့အကျင့်များကို ဖျောက်ပစ်ပြီး ကျန်းမာရေးနှင့် လျော်ညီစွာ စားသောက်နေထိုင်တတ်ရန် မိမိကိုယ်တိုင် ထိန်းသိမ်းလေ့ကျင့်သင့်ပါသည်။**

(၃) တချို့က စားချင်သောက်ချင်စိတ် လျော့နည်းခေါင်းပါးစေတတ်သော ဆေးဝါးများ၊ ဥပမာ– အမ်ဖီတမင်းဆေးပြား သောက်သုံးခြင်းဖြင့် ပိန်သွားအောင်ပြုလုပ်ကြသည်။ ၎င်းဆေးဝါးများသည် သောက်သုံးဖန်များလာလျှင် ဦးနှောက်နှင့်အာရုံကြောကို ထိခိုက်စေတတ်သဖြင့် အားမပေးသင့်ပေ။

(၄) တချို့ အလွန်အမင်း ပုံပျက်ပန်းပျက်ဝဖြိုးနေသူများအား ခွဲစိတ်နည်းပညာသုံး၍လည်း ခန္ဓာကိုယ်အလေးချိန် လျော့ကျသွားအောင် ကြိုးစားကြသည်။

မည်သို့ပင်ဆိုစေကာမူ အေးမြခြင်း၏အရသာကို ပူလောင်သည့်အခါမှ ပိုတမ်းတသည်။ ချစ်ခြင်း၏အကျိုးမှာ မုန်းခြင်း၏နောက်မှ သိသာလာရသည်။ ကျန်းမာခြင်း၏တန်ဖိုးကို နာမကျန်းဖြစ်သည့်အခါ ပိုနားလည်သည်။ ကျန်းမာခြင်းသည် လာဘ်တစ်ပါးဖြစ်သည်ဟု အားလုံးသိထားကြသည် မဟုတ်ပါလား။ ရောဂါဖြစ်မှ ဆေးကုခြင်းထက် ရောဂါမဖြစ်ခင် ကြိုတင်ကာကွယ်ခြင်းကပို၍ထိရောက်စေသည်ဖြစ်ရာ **"အသက်ဉာဏ်စောင့်"**ဟူသော စကားရပ်က ကျန်းမာရေးသတိ အမြဲရှိရန် တိုက်တွန်းနေပါသည်။ ။

# ဧရာဝတီတိုင်း အဆို၊ အက၊ အရေး၊အတီးပြိုင်ပွဲကျင်းပ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် တက်ရောက်ဆုချီးမြှင့်ပေး

ရန်ကုန် စက်တင်ဘာ ၃

**ဧရာဝတီတိုင်း (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဩဂုတ် ၃၁ ရက် မွန်းလွဲ ၁ နာရီက ပုသိမ်မြို့ မြို့တော်ခန်းမ၌ကျင်းပသည်။**

အခမ်းအနားသို့ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် ဇနီး ဒေါ်သန်းသန်းနွဲ့၊ တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများ၊ တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး သိန်းလှိုင်နှင့် အဖွဲ့ဝင်များ၊ တိုင်းအဆင့် ဌာနဆိုင်ရာများ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ခရိုင်အလိုက်ပြိုင်ပွဲဝင်များနှင့် ဝါသနာရှင်များ တက်ရောက်အားပေးကြသည်။

ထို့နောက် ပြိုင်ပွဲကျင်းပရေးကော်မတီနာယက တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က ဒိုင်အဖွဲ့ဝင်များအတွက် ဂုဏ်ပြုမှတ်တမ်းလွှာကို အဖွဲ့ဝင်ကိုယ်စားလှယ်တစ်ဦးထံသို့ လည်းကောင်း၊ ဟသ်ာတ၊ မအူပင်၊ ဖျာပုံခရိုင်အသင်းများအား ဂုဏ်ပြုဆုဖလားများကိုလည်းကောင်း၊ အခြေခံပညာအဆင့် တံခွန်စိုက်ဆုရဖျာပုံခရိုင်၊ ဝါသနာရှင်အဆင့် တံခွန်စိုက်ဆုရ မြောင်းမြခရိုင်နှင့် ပညာရှင်အဆင့် တံခွန်စိုက်ဆုရ ပုသိမ်ခရိုင်တို့မှ ခရိုင်ဥက္ကဋ္ဌများနှင့် အသင်းကြီးကြပ်သူများအား တံခွန်စိုက်ဆုဖလားများကို ပေးအပ်ချီးမြှင့်သည်။ **(ဓါတ်ပုံ)**



### ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် တိုင်းမှူးနှင့်ဇနီးတို့သည် ခရိုင်အသီးသီးမှ ပြိုင်ပွဲဝင်များ၊ အသင်းအုပ်ချုပ်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးခဲ့ကြောင်းနှင့် အဆိုပြိုင်ပွဲတွင် ပုသိမ်ခရိုင်မှ ရွှေတံဆိပ်ရှစ်ခု၊ မြောင်းမြခရိုင်မှ ရွှေတံဆိပ်ခုနစ်ခု၊ ဖျာပုံခရိုင်မှရွှေတံဆိပ် ၁၉ ခု ဆွတ်ခူးရရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

### ဆုများပေးအပ်

ရှေးဦးစွာ တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက မဟာဂီတ၊ ကာလပေါ် တေးသီချင်းအဆိုပြိုင်ပွဲနှင့် အရေးပြိုင်ပွဲများတွင် ဆုရရှိသူများကို လည်းကောင်း၊ ခရိုင်ဥက္ကဋ္ဌများက အတီးပြိုင်ပွဲတွင် ဆုရရှိသူများကို လည်းကောင်း၊ တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက အိုးစည်၊ ဒိုးပတ်၊ ဆိုင်းဝိုင်း အဖွဲ့လိုက်ဆုရရှိသူများကို လည်းကောင်း၊ တိုင်းအမျိုးသမီးရေးရာအဖွဲ့ နာယက တိုင်းမှူး၏ဇနီးက အကပြိုင်ပွဲတွင် ဆုရရှိသူများကိုလည်းကောင်း ဆုများ ပေးအပ်ကြသည်။



မိဘနှစ်ပါးနှင့် ခင်ပွန်း–ဦးမြင့်ဦးတို့အား ရည်စူး၍ ရန်ကုန်မြို့ အရှေ့ရန်ကင်းတိုက်(၃၀၆)၊ အခန်း(၁၂)နေ ဒေါ်မေမေထားက ဒဂုံမြို့နယ် အမှတ် ၁၆၊ စကားဝါလမ်း၊ မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ် ၁၅၀၀၀၀ ကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာ တရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး (ဘဏ္ဍာ) ဦးသိန်းကျော်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

# မော်လမြိုင်ကြံခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှစ်ပတ်လည်စည်းဝေး အောင်ချက်အကောင်းဆုံးကျောင်းနှင့် ထူးချွန်သူများဂုဏ်ပြု

ရန်ကုန် စက်တင်ဘာ ၃

**မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆)၊ တက္ကသိုလ်ဝင်စာမေးပွဲ၌ အောင်ချက်အကောင်းဆုံးကျောင်းနှင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် အသင်းဝင်ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းနှင့် အလှူငွေပေးအပ်ပွဲကို ဩဂုတ် ၂၇ ရက်က မော်လမြိုင်မြို့ရှိ မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံးခန်းမ၌ ကျင်းပသည်။**

### အမှာစကားပြောကြား

အစည်းအဝေးတွင် မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သက်နိုင်ဝင်းက အဖွင့် အမှာစကားပြောကြားပြီး **(ယာအောက်ပုံ)** မော်လမြိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ အလှူရှင်များ၏ လှူဒါန်းငွေများကို လက်ခံ၍ တက္ကသိုလ်ဝင်စာမေးပွဲ၌ အောင်ချက်အကောင်းဆုံး အခြေခံပညာအထက်တန်းကျောင်းသုံးကျောင်းတို့ အားလည်းကောင်း၊ ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် အသင်းဝင်ကျောင်းသား ကျောင်းသူ ၁၈ ဦးတို့ အားလည်းကောင်း တိုင်းမှူးနှင့်တာဝန်ရှိသူများက ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

### ဖတ်ကြားတင်သွင်း

ယင်းနောက် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၆) ကို ဆက်လက်ကျင်းပရာ သဘာပတိ မော်လမြိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသန်းစိန်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အသင်း အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို မော်လမြိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်စန်းစန်းဝင်းက ဖတ်ကြားတင်သွင်းပြီး ရပ်ကွက်၊ ကျေးရွာပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများက တင်ပြချက်များအပေါ် မြို့နယ်အသင်း အလုပ်အမှုဆောင် ဦးမြင့်အောင်က ပြန်လည်ရှင်းလင်းတင်ပြရာ သဘာပတိက နိဂုံးချုပ်အမှာ စကားပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





# ဆိပ်ကမ်းမြို့နယ် ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်စည်းဝေး၊ အလှူငွေများပေးအပ်

ရန်ကုန် စက်တင်ဘာ ၃

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ) ဦးမောင်ပါသည် ယမန်နေ့ နံနက်၉နာရီက ရန်ကုန်အနောက်ပိုင်းခရိုင် ဆိပ်ကမ်းမြို့နယ် ကမ်းနားလမ်းရှိ မြို့နယ်ပြည်ထောင်စု ကြံ့ခိုင် ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးခန်းမ၌ကျင်းပသော ဆိပ်ကမ်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၆)သို့ တက်ရောက်၍ အမှာစကားပြောကြားသည်။**

### အလှူငွေပေးအပ်

အခမ်းအနားတွင် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းသို့ အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံ ဆန်စပါး ကုန်သည်များအသင်းက ငွေကျပ် တစ်သိန်း၊ ကဏန်းကုန်သည်များ စည်းကမ်းထိန်းသိမ်းရေးကော်မတီက ငွေကျပ်ငါးသောင်းအပါအဝင် အလှူရှင်များက စုစုပေါင်းအလှူငွေကျပ်နှစ်သိန်းနှစ်သောင်းကို ပေးအပ်လှူဒါန်းကြရာ ဗဟိုအလုပ်အမှုဆောင်က လက်ခံပြီး **(ယာပုံ)** ၂၀၀၅–၂၀၀၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်တစ်ဦးနှင့် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကိုယ်စားပြု တောင်တက်ခဲ့သည့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်တစ်ဦးတို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးမြင့်က အမျိုးသား စာရိတ္တနှင့် ယဉ်ကျေးမှုသင်တန်းတွင် ထူးချွန်စွာ အောင်မြင်ခဲ့သော အသင်းဝင်များနှင့် သင်တန်းနည်းပြများအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုလက်ဆောင်များကိုလည်းကောင်း၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဇော်က မြို့နယ်အတွင်းရှိ ရပ်ကွက်သုံးခုနှင့် ဌာနသုံးခုတို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအတွက် ငွေကျပ်တစ်သောင်းစီနှင့် အသင်းလုံချည် ငါးထည်စီ ကိုလည်းကောင်း အသီးသီး ပေးအပ်ချီးမြှင့်ပြီး အစည်းအဝေးကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပသည်။ **(သတင်းစဉ်)**



# မော်လမြိုင်အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ အခြေခံပညာအဆင့်ပြိုင်ပွဲဖွင့်

**ရန်ကုန် စက်တင်ဘာ ၃**

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ၏ မော်လမြိုင်မြို့နယ် အခြေခံပညာ အဆင့်ပြိုင်ပွဲဖွင့်ပွဲနှင့် ဆုပေးပွဲ အခမ်းအနားကို ဩဂုတ် ၂၇ရက်က မော်လမြိုင်မြို့နယ် အမှတ် (၈)အခြေခံပညာအထက်တန်းကျောင်းရှိ ယင်းမာခန်းမ၌ ကျင်းပသည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ခေတ္တမြို့နယ် ပညာရေးမှူး ဦးမြတ်ကိုက(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊အတီးပြိုင်ပွဲ၏ မြို့နယ် အခြေခံပညာ အဆင့်ပြိုင်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။



### ဆုပေးအပ်

ယင်းနောက်ပြိုင်ပွဲများကိုကျင်းပပြီး ဆုရရှိသူကျောင်းသား ကျောင်းသူများအား ပြည်နယ်ပညာရေးမှူး၊ ခေတ္တမြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)**

**(သတင်းစဉ်)**

# ကမ္ဘောဒီးယား ဖိတ်ခေါ်ဂျူဒိုပြိုင်ပွဲ မြန်မာဂျူဒိုအဖွဲ့ ရွှေနှစ်ခု ထပ်မံရရှိ

**ရန်ကုန် စက်တင်ဘာ ၃**

ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့တွင် စက်တင်ဘာ၂ရက်မှ ၃ရက်အထိကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ဖိတ်ခေါ်ဂျူဒိုပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ တပ်မတော်(ကြည်း၊ရေ၊လေ)ဂျူဒိုနှင့်



**အမျိုးသမီး အပေါင်း၇၈ကီလိုတန်းတွင် ရွှေတံဆိပ် ရရှိသွားသော ခင်မျိုးသူ(ရထား)။**
ဓာတ်ပုံ-သိန်းဝင်းလေး
(မြန်မာ့အလင်း)

ကျွမ်းဘား ကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစောရွှေ ခေါင်းဆောင်သည့် မြန်မာဂျူဒိုအဖွဲ့ ပါဝင်ဆင်နွှဲလျက်ရှိရာ စက်တင်ဘာ၃ရက် ပြိုင်ပွဲအပြီးတွင် အမျိုးသမီး အပေါင်း ၇၈ကီလိုတန်းတွင် ခင်မျိုးသူ(ရထား)သည် ရွှေတံဆိပ်ဆုကိုလည်းကောင်း၊အမျိုးသမီး အနုတ် ၆၃ကီလိုတန်းတွင် အေးအေးအောင်(ဆောက်လုပ်ရေး)သည် ရွှေတံဆိပ်ဆုကိုလည်းကောင်း ထပ်မံရရှိသည်။ နှစ်ရက်ပေါင်း ပြိုင်ပွဲများအပြီးတွင် မြန်မာဂျူဒို အဖွဲ့သည် စုစုပေါင်း ရွှေတံဆိပ်လေးခု၊ ငွေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ်တစ်ခု ထပ်မံရရှိသည်။ မြန်မာဂျူဒိုအဖွဲ့သည် ခြောက်ဦးပါဝင်ယှဉ်ပြိုင်ရာ ခြောက်ဦးစလုံး ဆုတံဆိပ်များ နိုင်ငံအတွက် ရယူပေးနိုင်ခဲ့သည်။

မြန်မာဂျူဒိုအဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဒုတိယဗိုလ်မှူးကြီး စောရွှေ၊ နည်းပြအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး မြန်မာ့လက်ရွေးစင်ဟောင်း ဦးသန်းမောင်၊ ဒိုင်လူကြီးအဖြစ် မြန်မာ့လက်ရွေးစင်ဟောင်း



**အမျိုးသမီး ၆၃ကီလိုတန်းတွင် ရွှေတံဆိပ်ဆွတ်ခူးသွားသော အေးအေးအောင်(ဆောက်လုပ်ရေး)။**
ဓာတ်ပုံ-သိန်းဝင်းလေး
(မြန်မာ့အလင်း)

ဒေါ်ခင်မူမူ(ဆောက်လုပ်ရေး)၊ ဂျူဒိုအားကစားသမားများမှာ အမျိုးသမီး အနုတ် ၄၅ကီလိုတန်းမှ အေးအေးအောင် (ဆောက်လုပ်ရေး)၊ အနုတ် ၅၇ကီလိုတန်းတွင် သန္တာဝင်း(စက်မှု-၁)၊ အနုတ် ၆၃ကီလိုတန်းတွင် အေးအေးအောင်(ဆောက်လုပ်ရေး)၊ အမျိုးသားပြိုင်ပွဲတွင် အနုတ်၉၀ကီလိုတန်း ပြိုင်ပွဲတွင် ဇင်လင်းအောင် (ဆောက်လုပ်ရေး)၊ အနုတ် ၈၁ကီလိုတန်းတွင် ရန်နိုင်စိုး(သစ်တော)တို့ ပါဝင် ယှဉ်ပြိုင်ကြသည်။

မြန်မာဂျူဒိုအဖွဲ့သည် စက်တင်ဘာ၅ရက် နေ့လယ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိကြမည် ဖြစ်သည်။

**(မြန်မာ့အလင်း)**

## ပေါက်စေတီတရားပွဲ

**ရန်ကုန် စက်တင်ဘာ ၃**

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ရှစ်မိုင်ပေါက်စေတီကျောင်းတိုက်၏ ဦးစီးပဓာနနာယက ပေါက်စေတီဆရာတော်ကြီး ဦးသုမိတ္တာဘိဝံသ၏ (၈၂)နှစ်ပြည့် မွေးနေ့အလှူတော်ပွဲနှင့် စာအောင်သံဃာတော်များအား ချီးမြှင့်ဂုဏ်ပြုပူဇော်ပွဲများကို ကျင်းပမည်ဖြစ်ပြီး ညတရားပွဲများအဖြစ် စက်တင်ဘာ ၄ရက်ညတွင် ဓမ္မဒူတ အရှင်သုမန (ပေါက်စေတီ)နှင့် စက်တင်ဘာ၅ရက် ညတွင် ဓမ္မဒူတ အရှင်ဆေကိန္ဒ အရှင်သူမြတ်တို့က ညစဉ် ၇နာရီခွဲမှစ၍ တရားတော်များကို ဟောကြားမည်ဖြစ်သည်။ **(က-ပ)**



**အိန္ဒိယနိုင်ငံ တက္ကသိုလ်အသီးသီးတွင် ပညာသင်ကြားနေကြသော မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းဆောင်ကို ဗုဒ္ဓဂယာ မြေမြတ်မဟာတွင် တည်ဆောက်မည့် ကျောင်းအလှူအဖြစ် ရန်ကုန်မြို့ ဘူတာရုံလမ်း အေးရိပ်မွန်အိမ်ရာစခန်း တိုက် ၉ အခန်း ၂၀၃နေ ဦးသန်းဝင်း- ဒေါ်မြမြ၊ သား မောင်ကျော်နိုင်ဦး-မကြူကြူအေး၊ သား မောင်ဆန်းအေး၊ သမီး မဝင်းမာအောင် မိသားစုက အလှူငွေကျပ် တစ်သိန်းတစ်သောင်းလှူဒါန်းရာ အမှုဆောင်ဒေါ်ကေသက်မော်က လက်ခံ၍ ကျောင်းဖြစ်မြောက်ရေး အကျိုးတော်ဆောင်ဥက္ကဋ္ဌ အရှင်ရာဇိန္ဒ(နာလန္ဒာ) က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။** (က-ပ)

# မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌဒိုင်း ဝန်ကြီးဌာနပေါင်းစုံဂျူဒိုပြိုင်ပွဲကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၃**

၂၀၀၆ခုနှစ် နဝမအကြိမ်မြောက် မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌဒိုင်း ဝန်ကြီးဌာနပေါင်းစုံ တံခွန်စိုက်ဂျူဒိုပြိုင်ပွဲများကို စက်တင်ဘာ ၁၆ ရက်မှ ၁၉ရက်အထိ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံတွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် (က)အတန်းနှင့် (ခ)အတန်း အတန်းနှစ်တန်းပါဝင်ပြီး အမျိုးသားပြိုင်ပွဲ (က)အတန်းတွင် ဝိတ်တန်း၁၃တန်း၊ (ခ)အတန်းတွင် ဝိတ်တန်း ၁၃ တန်းနှင့် အမျိုးသမီး(က)အတန်းတွင် ဝိတ်တန်း ၁၁ တန်း၊ (ခ)အတန်းတွင် ဝိတ်တန်း ၁၁ တန်း ပါဝင်သည်။

ပါဝင်ယှဉ်ပြိုင်မည့် ဂျူဒိုမောင်မယ်များသည် စက်တင်ဘာ ၁၅ ရက် ညနေ ၅ နာရီ နောက်ဆုံးထား၍ ဦးဝိစာရလမ်း ရေကူးကန်ရှိ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ် အတွင်းရေးမှူးဒေါ်သီသီရှိန်ထံ ပြိုင်ပွဲဝင်ပုံစံများ ဖြည့်စွက်၍ ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# ပြည်နယ်နှင့်တိုင်း စစ်တုရင်ပြိုင်ပွဲ တံခွန်စိုက်ဒိုင်း ရန်ကုန်တိုင်းဆွတ်ခူး

**ရန်ကုန် စက်တင်ဘာ ၃**

အားကစားနှင့် ကာယပညာဦးစီးဌာန မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်တို့ ကြီးမှူးကျင်းပသည့် စစ်တုရင် (၂/၂၀၀၆) ဒိုင်သင်တန်း၊ (၃၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း စစ်တုရင်ပြိုင်ပွဲ ဆုပေးပွဲနှင့် အလှူငွေပေးအပ်ပွဲကို ယနေ့ညနေ၃နာရီက အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံအားကစားရုံ၌ ကျင်းပရာ ရန်ကုန်တိုင်းအသင်းသည် ရမှတ်ပေါင်း၂၆၀ သုံးနှစ်ဆက်တိုက်ပထမဖြင့် စွယ်စုံတံခွန်စိုက်ဒိုင်းဆုကြီးကို ဆွတ်ခူးရရှိသွားသည်။

အသက် ၂၀နှင့်အောက် လူငယ်စစ်တုရင်ပြိုင်ပွဲတစ်ဦးချင်းပြိုင်ပွဲတွင် ပထမ အောင်ဗိုလ်ဗိုလ် (ရန်ကုန်)၊ ဒုတိယ ငြိမ်းချမ်း (မွန်)နှင့် တတိယ စိုးသီဟ(စစ်ကိုင်း)တို့ ရရှိသည်။

**(၃၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း စစ်တုရင်ပြိုင်ပွဲတွင် သုံးနှစ်ဆက်တိုက်ပထမဖြင့် စွယ်စုံတံခွန်စိုက်ဒိုင်းကြီး အပိုင်ဆွတ်ခူးသွားသော ရန်ကုန်တိုင်းအသင်းအား ဆုယူအပြီး တွေ့ရစဉ်။** (မြန်မာ့အလင်း)

အသက် ၂၀နှင့်အောက် အသင်းလိုက်ပြိုင်ပွဲ ပထမရန်ကုန်တိုင်း၊ ဒုတိယ ရခိုင်ပြည်နယ်၊ တတိယပဲခူးတိုင်းတို့ ရရှိသွားသည်။

မြန်မာ့ရိုးရာ စစ်တုရင်အသင်းလိုက်ပြိုင်ပွဲတွင် ပထမ ရန်ကုန်တိုင်း၊ ဒုတိယ ဧရာဝတီတိုင်း၊ တတိယ မန္တလေးတိုင်းတို့ ရရှိသည်။

အပြည်ပြည်ဆိုင်ရာ စစ်တုရင်အသင်းလိုက်ပြိုင်ပွဲတွင် ပထမ မကွေးတိုင်း၊ ဒုတိယရန်ကုန်တိုင်းနှင့် တတိယ မန္တလေးတိုင်းတို့ ရရှိသွားသည်။

### ပေးအပ်ချီးမြှင့်

ဆုများကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဝင် မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌဦးမောင်မောင်လွင်နှင့် အမှုဆောင်များက ပေးအပ်ချီးမြှင့်သည်။ **(မြန်မာ့အလင်း)**

## မိုးအသင့်အတင့်

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။**



## မြန်မာ့အလင်း စာတည်းထံပေးစာများ

**စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသား၍ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ ပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက်၊ အမှတ်၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။ ။**

### ညော်နံ့ကြောင့် ပတ်ဝန်းကျင်မခံနိုင်

**စာတည်းခင်ဗျား-**

ရန်ကုန်တိုင်း သာကေတမြို့နယ်(၈)ရပ်ကွက် နဝရတ်၄လမ်းမှ နေအိမ်တစ်အိမ်တွင် မုန့်မျိုးစုံကို စည်းကမ်းမဲ့စွာ ကြော်လှော်လျက်ရှိရာ ရပ်ကွက်နေပြည်သူများသည် ညော်နံ့များကြောင့် စိတ်ဒုက္ခရောက်နေရပါ၍ သက်ဆိုင်ရာမှ ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။ **ရပ်ကွက်သားတစ်ဦး**

### ထောက်ကြန့်ရတနာဈေး မီးလင်းစေချင်

**စာတည်းရှင့်-**

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်မြို့ ရတနာဈေးတွင် နေ့ခင်းဘက် လျှပ်စစ်မီးမရရှိသဖြင့် မိုးတွင်းကာလတွင် ဈေးအတွင်း မှောင်မည်းလျက်ရှိရာ လျှပ်စစ်မီးရရှိရေး စီစဉ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ရောင်းချသူများ**

### စည်းကမ်းမဲ့ဈေးသည်များ ဖယ်ရှားပေးစေလို

**စာတည်းခင်ဗျား-**

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက် အောင်သိဒ္ဓိလမ်းပေါ်တွင် စည်းကမ်းမဲ့ ရောင်းချနေသော သားငါးဈေးသည်များကြောင့် လမ်းပိတ်ဆို့သည့်အပြင် သားငါးညှီနံ့များကြောင့် ရပ်ကွက်ပြည်သူများ အနှောင့်အယှက် ဖြစ်နေရပါသည်။

သို့ပါ၍ ဈေးသည်များအား ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။ **ဖော့ကန်သား**

### စည်းကမ်းတကျ အမှိုက်စွန့်စေချင်

**စာတည်းရှင့်-**

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် (၇)ရပ်ကွက် ရွှေတောင်တန်းလမ်းရှိ ကြေးအိုးဆိုင်တစ်ဆိုင်သည် ရွှေတောင်တန်းလမ်းနှင့် ၁၅လမ်းကြားရှိ နောက်ဖေးလမ်းကြားတွင် အမှိုက်များကို စည်းကမ်းမဲ့ စွန့်ပစ်လျက်ရှိသဖြင့် သက်ဆိုင်ရာမှ လိုအပ်သလို ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။ **လမ်းမတော်သူ**

### လက်ဖက်ရည်ဆိုင်မှ ကက်ဆက်သံ နားမခံသာ

**စာတည်းရှင့်-**

ဗဟန်းမြို့နယ် ဆရာစံမြောက် အနောက်ရပ်ကွက် အနောက် ဈေးဟောင်းလမ်းရှိ လက်ဖက်ရည်ဆိုင်များမှာ နံနက် ၅နာရီမှ ည ၁၁နာရီထိ ကက်ဆက်သံများ ကျယ်လောင်စွာဖွင့်လှစ်ခြင်းကြောင့် ရပ်ကွက်ပြည်သူများနားမခံသာ ဖြစ်ရပါသည်။ သို့ပါ၍ အဆိုပါ လက်ဖက်ရည်ဆိုင်များအား သက်ဆိုင်ရာမှ လိုအပ်သလို ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။ **နားမခံနိုင်သူ**

### သုံးခွမြို့ ဗာဒံပင်ဆိပ်လမ်း ကတ္တရာခင်းပေးပါ

**စာတည်းခင်ဗျား-**

ရန်ကုန်တိုင်း သုံးခွမြို့ရှိ ဗာဒံပင်ဆိပ် ကတ္တရာလမ်းမှာ ချိုင့်များဖြစ်နေသောကြောင့် လမ်းနေပြည်သူများနှင့် မော်တော်ယာဉ်များ သွားလာရေး အခက်အခဲ ဖြစ်နေရပါသည်။

သို့ဖြစ်၍ အဆိုပါလမ်းကို ကတ္တရာ ထပ်ပိုးလွှာ ခင်းပေးပါရန် တင်ပြအပ်ပါသည်။ **လမ်းကောင်းစေချင်သူ**

### ရပ်ကွက်အတွင်းမှ အရက်ဆိုင်ဖယ်ရှားပေးပါ

**စာတည်းခင်ဗျား-**

တောင်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် သုတ(၆)လမ်း၌ အရက်ဆိုင်တစ်ဆိုင်ရှိပြီး နေ့-ည အရက်သောက်သူများဖြင့် ဆူညံခြင်း၊ စကားများရန်ဖြစ်ခြင်းတို့ကြောင့် ပတ်ဝန်းကျင်ပြည်သူများ အနှောင့်အယှက် ဖြစ်ရပါ၍ အဆိုပါ အရက်ဆိုင်အား ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။ **ခြောက်လမ်းသား**

### ကျောက်ပန်းတောင်းက ကံ့ကော်မြိုင်လမ်း သန့်ရှင်းစေလို

**စာတည်းခင်ဗျား-**

ကျောက်ပန်းတောင်းမြို့ ဒဂုံ-ပုပ္ပား ကားဂိတ်အနီး ဈေးကွက်သစ်ရပ်ကွက် ကံ့ကော်မြိုင်လမ်းတွင် နေထိုင်ကြသူအချို့သည် လမ်းမပေါ်တွင် ၎င်းတို့၏ စီးပွားရေးလုပ်ငန်းသုံးပစ္စည်းများကို ထားရှိခြင်း၊ သီးပင် အမှိုက်များအား စည်းကမ်းမဲ့ စွန့်ပစ်ခြင်းတို့ကြောင့် လမ်းမှာ ညစ်ပတ်နေသဖြင့် သက်ဆိုင်ရာမှ ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။ **ကျောက်ပန်းတောင်းသား**

# ကမ္ဘာတစ်လွှား အားကစား

## အာဖရိကဖလားခြေစစ်ပွဲများဆက်လက်ယှဉ်ပြိုင် အီဂျစ်က ဘူရွန်ဒီအသင်းကို လေးဂိုး-တစ်ဂိုးဖြင့်နိုင်

စုစည်းတင်ပြသူ
မောင်မောင်မြင့်ဆွေ

**ကိုင်ရို စက်တင်ဘာ ၃**

အာဖရိကဖလားဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲများကို ကစားနေပြီဖြစ်ရာ စက်တင်ဘာ ၂ ရက်က ယှဉ်ပြိုင်ကစားသည့်အီဂျစ်နှင့်ဘူရွန်ဒီတို့ပွဲတွင် အီဂျစ်က လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အီဂျစ်နိုင်ငံ ကိုင်ရိုမြို့တွင် အိမ်ရှင်အီဂျစ်တို့ ဘူရွန်ဒီအပေါ် တစ်ဖက်သတ်ဖိကစားခဲ့ရာ ပထမပိုင်းပွဲချိန်အတွင်း၌ပင် အီဂျစ်မှ မိုဟာမက်ဇီဒန်း၊ ဟိုစ်နီအက်ဘရာဘူနှင့် မိုဟာမက်အဘူထရီကာတို့ တစ်ဂိုးစီ ဆက်တိုက်သွင်းယူခဲ့သဖြင့် သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိနေသည်။

**ဂိုးပြတ်**

ဒုတိယပိုင်း ပွဲပြန်စပြီး ခုနစ်မိနစ်အကြာ အီဂျစ်အသင်းခေါင်းဆောင်ဟာက်ဆန်က တစ်ဂိုးထပ်မံသွင်းယူလိုက်သဖြင့် အီဂျစ်တို့ လေးဂိုးပြတ် ဦးဆောင်နေရာမှ ဘူရွန်ဒီတို့ ပယ်နယ်တီပြစ်ဒဏ်ဘောရရှိရာယင်းပယ်နယ်တီကိုဘူရွန်ဒီနောက်တန်းဝဲအစွန် ခံစစ်မှူးအာမက်အဘူမိုဆာလမ်ကကန်သွင်းယူခဲ့သဖြင့် ချေပဂိုးတစ်ဂိုးရရှိခဲ့သည်။

အီဂျစ်တို့ အာဖရိကဖလားခြေစစ်ပွဲအုပ်စု (၁)တွင် ယခုခြေစွမ်းအတိုင်း ကစားပါက အုပ်စုပထမအဖြစ် ခြေစစ်ပွဲအောင်ရန် သေချာကြောင်း အီဂျစ်နည်းပြက ပြောကြားသည်။ **(အင်တာနက်)**



**ဘူရွန်ဒီကို အနိုင်ရသည့် အီဂျစ်အသင်း။**
(ဓာတ်ပုံ-အင်တာနက်)

## နိုင်ဂျီးရီးယားဘောလုံးအသင်း နိုင်ငံခြားနည်းပြငှားမည်

**အဘူဂျာ စက်တင်ဘာ ၃**

နိုင်ဂျီးရီးယားဘောလုံးအသင်းအတွက် နည်းပြကို နိုင်ငံခြားသားတစ်ဦးအား ခန့်အပ်တာဝန်ပေးရန် နိုင်ဂျီးရီးယား အားကစားဝန်ကြီးဌာနက ခွင့်ပြုလိုက်ပြီဖြစ်သည်ဟု နိုင်ဂျီးရီးယားဘောလုံးအဖွဲ့ချုပ်က သတင်းထုတ်ပြန်သည်။

နိုင်ဂျီးရီးယား အားကစားဝန်ကြီး ဘာလာကောဂျီက နိုင်ငံခြားသားနည်းပြတစ်ဦးအား တာဝန်ပေးရန်ခွင့်ပြုပေးခဲ့ပြီး နိုင်ဂျီးရီးယားအသင်း အောင်မြင်မှုရရှိအောင် စွမ်းဆောင်ကြရန် တိုက်တွန်းလိုက်ကြောင်း ပြောကြားသည်ဟု အဆိုပါအဖွဲ့ချုပ်က ပြောကြားသည်။

**ကိုင်တွယ်ပေး**

နိုင်ဂျီးရီးယား ဘောလုံးအသင်းအတွက် နိုင်ငံခြားသား နည်းပြတစ်ဦးငှားရမ်းရေးကို ပြီးခဲ့သည့်နှစ်ကတည်းကပင် တင်ပြထားခဲ့ခြင်း ဖြစ်သည်။ လောလောဆယ်တွင် နိုင်ဂျီးရီးယားနိုင်ငံသားနည်းပြ အော်စတင်အီဂူရာဗိုရင်က ကိုင်တွယ်ပေးလျက်ရှိသည်။

နိုင်ဂျီးရီးယားဘောလုံးအသင်းကို နိုင်ငံခြားသား နည်းပြဖြစ်သည့် ဟော်လန်နိုင်ငံသား ဂျိုဘွန်ဖရီရီက ၂၀၀၁ခုနှစ်က နောက်ဆုံး ကိုင်တွယ်ပြသပေးခဲ့ခြင်းဖြစ်သည်။ ထို့နောက်ပိုင်းတွင် နိုင်ဂျီးရီးယားအသင်းရလဒ်များ ကောင်းမွန်ခြင်း မရှိတော့ကြောင်း သိရသည်။ **(အင်တာနက်)**



**နိုင်ဂျီးရီးယား အားကစား ဝန်ကြီး ဘာလာကောဂျီ။**
(ဓာတ်ပုံ-အင်တာနက်)

## အီဂျစ်နောက်ခံကစားသမား ဒီဝါဟတ် လေ့ကျင့်စဉ်သေဆုံး

**ကိုင်ရို စက်တင်ဘာ ၃**

အီဂျစ်နိုင်ငံမှ နိုင်ငံတကာဘောလုံးသမား မိုဟာမက်အဘဒီဝါဟတ်သည် အာဖရိကဖလားဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲအဖြစ် စက်တင်ဘာ ၂ ရက်၌ ဘူရွန်ဒီအသင်းနှင့်ကစားရန်အတွက် ဩဂုတ် ၃၁ရက်က အီဂျစ်အသင်းတွင် လေ့ကျင့်ရေးပြုလုပ်နေစဉ် ရုတ်တရက် လဲကျသေဆုံးသွားခဲ့သည်။

ဆရာဝန်များ၏စစ်ဆေးချက်အရ အဘအာဒီဝါဟတ်သည် နှလုံးရောဂါကြောင့်သေဆုံးခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။ အသက် ၂၂နှစ်အရွယ်ရှိ ဒီဝါဟတ်သည် ထိုနေ့က အီဂျစ်အသင်းနှင့် လေ့ကျင့်မှုပြုလုပ်စဉ် ၃၅ မိနစ်ခန့်အကြာ၌ လဲကျသွားပြီးသေဆုံးခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။ ဒီဝါဟတ်သည် သူ့၌နှလုံးရောဂါရှိသည်ကို သိပုံမရကြောင်း၊ နှလုံးရောဂါ၏ ကြိုတင်လက္ခဏာပြမှုများကို ဂရုမစိုက်ခဲ့ကြောင်း၊ ထို့ကြောင့် ယခုကဲ့သို့ ရုတ်တရက်သေဆုံးရခြင်းဖြစ်ကြောင်း အီဂျစ်အသင်းဆရာဝန် အီဟတ်အလီက ပြောကြားသည်။ ဒီဝါဟတ်ကို ကိုင်ရိုဆေးရုံသို့ အလျင်အမြန်တင်ပို့ရန်ကြိုးစားခဲ့သော်လည်း မည်သို့မျှမတတ်နိုင်ဘဲ ဖြစ်ခဲ့ရသည်။

ဒီဝါဟတ်သည် ယူအေအီးကလပ် အယ်ဒါဖရာ၌ကစားနေရာမှ အီဂျစ်နိုင်ငံသို့ အာဖရိကဖလားအတွက်ကစားရန် ပြန်လာခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

## ယူရို ၂၀၀၈ ခြေစစ်ပွဲများစတင်ယှဉ်ပြိုင် အင်္ဂလန်၊ စကော့တလန်နှင့် အိုက်စလန်တို့ အနိုင်ရရှိ

မြင့်မောင်စိုး

**လန်ဒန် စက်တင်ဘာ ၃**

ယူရို ၂၀၀၈ ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲများကို စက်တင်ဘာ ၂ ရက်က စတင်ယှဉ်ပြိုင်ကစားကြရာ စကော့တလန်အသင်းက ဖာရိုကျွန်းစုအသင်းကို ခြောက်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊



အိုက်စလန်အသင်းက မြောက်အိုင်ယာလန်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ အင်္ဂလန်အသင်းက အင်ဒိုရာအသင်းကို ငါးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့သည်။

**အင်္ဂလန်အသင်းအတွက် ဒုတိယမြောက်ဂိုးကို စတီဗင်ဂျရတ်က ဤသို့သွင်းယူလိုက်သည်။** (ဓာတ်ပုံ-အင်တာနက်)

**စကော့တလန်-ဖာရိုကျွန်းစု**

စကော့တလန်အသင်းအတွက် အနိုင်ဂိုးနှစ်ဂိုးကို ခရစ်ဘွိုင်းက သွင်းပေးခဲ့ခြင်းဖြစ်သည်။ ဒါရင်ဖလက်ချာ၊ ဂျိမ်းစ်မက်ဖတ်ဒင်၊ ကင်နီမီလ်လာ၊ ဂါရီအိုကွန်နောတို့က တစ်ဂိုးစီ သွင်းပေးခဲ့ကြသည်။

စကော့တလန်အသင်းသည် ဖာရိုကျွန်းစုအသင်းနှင့် လေးနှစ်ဆက်တိုက် ဥရောပ ယူရိုပြိုင်ပွဲများတွင် ဆုံတွေ့ခဲ့သည်။စကော့တလန်အသင်းက နှစ်ကြိမ်နိုင်၊ နှစ်ကြိမ်သရေကစားနိုင်ခဲ့သည်။

**မြောက်အိုင်ယာလန်-အိုက်စလန်**

နောက်တန်း အားနည်းသော မြောက်အိုင်ယာလန် အသင်းသည် အိမ်ကွင်းတွင် အိုက်စလန်အသင်းကို ရှုံးနိမ့်ခဲ့ရသည်။

အိုက်စလန် အသင်းအတွက် အဖွင့်ဂိုးကို ပွဲချိန် ၁၃ မိနစ်တွင် သော်ဗယ်ဆင်ကသွင်းယူခဲ့ပြီး ဒုတိမြောက်ဂိုးကို ရှရိတ်ဒါဆင်ကသွင်းယူခဲ့သည်။

အိုက်စလန် အသင်းအတွက် ပွဲသိမ်းဂိုးကို ပွဲချိန် ၃၆ မိနစ်တွင် ဂွတ်ဂျွန်ဆင်ကသွင်းယူပေးနိုင်ခဲ့သည်။ ပွဲချိန်မိနစ် ၆၀တွင် အိုင်ယာလန်အသင်းအတွက် ဒေးဗစ်ဟေယာလီက သွင်းယူသော်လည်း အိုက်စလန် ဂိုးသမား ကာကွယ်နိုင်ခဲ့၍ ချေပဂိုးနှင့် လွဲခဲ့ရသည်။

မြောက်အိုင်ယာလန်အသင်းသည် မကြာမီက ဖင်လန်အသင်းနှင့် ချစ်ကြည်ရေးကစားအပြီး ခြေစစ်ပွဲအဖွင့်တွင် အနိုင်ရရှိရန် ယုံကြည်မှု အပြည့်အဝဖြင့် ကစားသော်လည်း ချေပဂိုးပင် မသွင်းနိုင်ဘဲဖြစ်ခဲ့ရသည်။

**အင်္ဂလန်-အင်ဒိုရာ**

ယူရို ၂၀၀၈ ခြေစစ်ပွဲအဖွင့်တွင် အင်္ဂလန်အသင်းသည် အင်ဒိုရာအသင်းကို ပထမပိုင်း ၄၅ မိနစ်မှာပင် သုံးဂိုးသွင်းထားနိုင်ခဲ့သည်။



**အိုက်စလန်အသင်းမှ သော်ဗယ်ဆင် ဤသို့အဖွင့်ဂိုးသွင်းယူရန် ကြိုးစားခဲ့သည်။**
(ဓာတ်ပုံ-အင်တာနက်)

အင်္ဂလန်နည်းပြသစ် မက်ကလာရင်က အင်ဒိုရာဂိုးသမား၏ အားနည်းချက်ကို ပစ်မှတ်ထား၍ အရပ်ရှည်သော အင်္ဂလန်တိုက်စစ်မှူး ပီတာခရော့ချ်ကို အပိုင်ရွေးချယ်ထားခဲ့သဖြင့် ပွဲစပြီး လေးမိနစ်မှာပင် ပီတာခရော့ချ်က ဗွေဆော်ဦး ဂိုးသွင်းယူနိုင်ခဲ့သည်။ ပွဲချိန် ၁၂ မိနစ်တွင် လီဗာပူးအသင်းခေါင်းဆောင် စတီဗင်ဂျရတ်က သွင်းယူခဲ့သည်။ ၎င်း၏ဂိုးမှာ အင်္ဂလန်အသင်းအတွက် ၁၀ဂိုးမြောက်ဖြစ်သည်။ ယင်းနောက်တွင် ဒီဖိုးက အင်္ဂလန်အသင်းအတွက် နှစ်ဂိုးဆက်တိုက်သွင်းယူခဲ့သည်။ အဖွင့်ဂိုးသွင်းပေးသူ စက်ရုပ်ခရော့ချ်သည် ပွဲချိန် ၆၆မိနစ်တွင် ဒုတိယမြောက်ဂိုးသွင်းယူလိုက်သဖြင့် အင်္ဂလန်တို့ ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

## အာဂျင်တီးနားကစားသမား ကားလို့စ်တေဗက် ပွဲတိုင်းကစားခွင့်ရရန် ဝက်စ်ဟမ်းကို ရွေးချယ်ခဲ့

**လန်ဒန် စက်တင်ဘာ ၃**

ဘရာဇီးကလပ်အသင်း ကိုရင်သီယန်အသင်းမှ ကားလို့စ်တေဗက်အား ပရီမီယာလိဂ် အသင်းကြီးများဖြစ်သော အာဆင်နယ်၊ ချယ်လ်ဆီးနှင့် မန်ချက်စတာယူနိုက်တက်အသင်းများက ခေါ်ယူရန် ကမ်းလှမ်းခဲ့သော်လည်း ၎င်းအနေဖြင့် ပရီမီယာလိဂ်တွင် ပွဲတိုင်း ပုံမှန်ကစားခွင့်ရရှိရေး အကောင်းဆုံးအခွင့်အလမ်းအတွက် ဝက်စ်ဟမ်းအသင်းကိုသာ ရွေးချယ်လိုက်ကြောင်း ၎င်းက ထုတ်ဖော်ပြောကြားသည်။



**ဝက်စ်ဟမ်းအသင်းမှ စာချုပ်လိုက်သော အာဂျင်တီးနားကစားသမား မက်ချီရာနိုနှင့် ကားလို့စ်တေဗက်တို့အားတွေ့ရစဉ်။**
(ဓာတ်ပုံ-အင်တာနက်)

ကားလို့စ်တေဗက်နှင့် ၎င်း၏ အာဂျင်တီးနားမှ အသင်းကစားဖော် ဂျာဗီယာမက်ချီရာနိုတို့သည် အာဆင်နယ်၊ ချယ်လ်ဆီးနှင့် မန်ချက်စတာယူနိုက်တက် အသင်းတို့က ကမ်းလှမ်းခဲ့သော်လည်း ဝက်စ်ဟမ်းသို့သာ ပြောင်းရွှေ့ရန် ဆုံးဖြတ်ခဲ့ကြသည်။

**ပါဝင်နိုင်**

ဝက်စ်ဟမ်းအသင်းသည် မိမိအတွက် အမြဲတမ်းပွဲတိုင်းတွင် ပါဝင်နိုင်သည့် အခွင့်အလမ်းရရှိနိုင်ကြောင်း အသက် ၂၂ နှစ်ရှိ အဆိုပါကစားသမားက ပြောကြားသည်။

**ခြေစွမ်း**

မိမိအနေဖြင့် အင်္ဂလန်နှင့် ဥရောပအသင်းကြီးများတွင် ကစားနိုင်စွမ်းရှိသော်လည်း ဦးစွာပထမ ဝက်စ်ဟမ်းအသင်း၌သာ ကစားခြင်းဖြင့် မိမိခြေစွမ်းကို ပြသလိုကြောင်း ၎င်းကပြောကြားသည်။ **(အင်တာနက်)**

# တောင်ငူမြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့
# သံတောင်အထကစာကြည့်တိုက်သို့ မဂ္ဂဇင်းဂျာနယ်မျိုးစုံလှူဒါန်း

**တောင်ငူ ဩဂုတ် ၂၈**

တောင်ငူမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကရင်ပြည်နယ် သံတောင်မြို့ အထက်တန်းကျောင်း စာကြည့်တိုက်သို့ ကျပ်ခြောက်သောင်းကျော်တန်ဖိုးရှိ မဂ္ဂဇင်းနှင့် ဂျာနယ်မျိုးစုံ ၄၈၂အုပ် ပေးအပ်လှူဒါန်းပွဲကို ဩဂုတ် ၁၉ရက် နံနက်ပိုင်းက အဆိုပါကျောင်းခန်းမဆောင်၌ ကျင်းပသည်။

**လှူဒါန်းရခြင်းရည်ရွယ်ချက်ရှင်း**

အခမ်းအနားတွင် တောင်ငူမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးဇော်ဝင်း (ငြိမ်း) (ကိုရေချမ်း-တောင်ငူ)က လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး စာအုပ်များကို ပေးအပ်လှူဒါန်းရာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးစောဘိုးသွယ်က လက်ခံရယူသည်။ **(ယာပုံ)**

**တက်ရောက်**

အခမ်းအနားသို့ တောင်ငူမြို့နယ် စာပေနှင့်စာနယ်ဇင်း အဖွဲ့ဝင်များ၊ သံတောင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များ၊ ကျောင်းသားမိဘများ၊ ဆရာ ဆရာမများနှင့် ကျောင်းသူ ကျောင်းသားများ တက်ရောက်ကြသည်။

(၃၇၂)



ဩဂုတ်၂၆ရက်က မိတ္ထီလာ မြောက်ကန်ကန်ပတ်လမ်း တစ်လျှောက် ရေဆိုးများ ဆယ်ယူရှင်းလင်းနေမှု လုပ်ငန်းကိုအမှုဆောင်အရာရှိ ဦးခင်မောင်ချို ကွင်းဆင်း ကြည့်ရှုစစ်ဆေးရာ ဒုတိယ ဦးစီးမှူးဦးအောင်စိုးက လုပ်ငန်း ဆောင်ရွက်နေမှုကို ရှင်းလင်း တင်ပြစဉ်။ (၄၁၄)



# ဂန့်ဂေါစည်ပင် မြစ်သာမြစ်ရေတင်ခုံမှရေတင်
# မြို့ပေါ်လေးရပ်ကွက်သို့ အလှည့်ကျပေးဝေ

**ဂန့်ဂေါ ဩဂုတ် ၁၀**

မကွေးတိုင်း စည်ပင်သာယာရေး အဖွဲ့ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်စိုးသည် ဇူလိုင်၂၉ရက်က ဂန့်ဂေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်နေသော မြို့ရေပေးရေးလုပ်ငန်း မြစ်သာမြစ် ရေတင်ခုံမှ J.D အမျိုးအစား ၂၈ ကောင်အင်ဂျင်နှစ်လုံးဖြင့် ရေတင်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးရာ**(ယာပုံ)** အမှုဆောင်အရာရှိ ဦးစောမြင့်ထွန်းက ရှင်းလင်းတင်ပြသည်။

**အလှည့်ကျ ရေဖြန့်ဝေ**

မြစ်သာမြစ် ရေတင်ခုံမှ၂၈ကောင် အင်ဂျင်နှစ်လုံးဖြင့် ဂါလန် ၈၅၀၀၀ ဆံ့ ရေစုကန်သို့ တင်ပို့ပြီး ထိုမှတစ်ဆင့် မြို့ပေါ်ရပ်ကွက် လေးရပ်ကွက်သို့ အလှည့်ကျ ရေပေးဝေလျက်ရှိကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**



# ငါးမျိုးပြန့်ပွားရန်နှင့် ငါးထုတ်လုပ်မှု တိုးတက်စေရေး
# တောင်တွင်းကြီးမြို့နယ်၌ ငါးမျိုးစိုက်ထည့်

**တောင်တွင်းကြီး ဩဂုတ် ၂၁**

ငါးမျိုးပြန့်ပွားရန်နှင့် ငါးထုတ်လုပ်မှုတိုးတက်စေရေး၊ ကျေးလက်နေ တောင်သူများ ဒေသခံပြည်သူများ ငါးစားသုံးမှု တိုးတက်လာစေ၍ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်ပြီး တောင်တွင်းကြီးမြို့နယ် သဖန်းကုန်း၊ ကွမ်းခြံစုကျေးရွာရှိ စပါးခင်းဧက ၅၀ အတွင်း ငါးမျိုးစိုက်ထည့်ပွဲကို ဩဂုတ် ၁၇ရက် နံနက်၉နာရီက ကျင်းပသည်။

**ငါးမျိုးစိုက်ထည့်**

အခမ်းအနားသို့မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်ဦးနှင့် အဖွဲ့ဝင်များ၊ ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးထွန်းလွင်၊ မြို့နယ်ဦးစီးမှူး ဦးထင်အောင်၊ တောင်တွင်းကြီး ငါးလုပ်ငန်းစခန်း တာဝန်ခံ ဒေါ်အေးအေးမော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ NGO အဖွဲ့အစည်းများ၊ အုပ်စုဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊တောင်သူများ တက်ရောက်ကြပြီး ငါးမြစ်ချင်းသားပေါက်၂၅၀၀၀ ကို ငါးမျိုး စိုက်ထည့်ပေးကြသည်။

**(အောက်ပုံ) (မြို့နယ် ပြန်/ဆက်)**



## အမြို့မြို့ အနယ်နယ် သတင်းများ

# ကျောင်းဆောင်သစ်လှူဒါန်း

**ညောင်ရွှေ ဩဂုတ် ၁၄**

ရှမ်းပြည်နယ်(တောင်ပိုင်း)ညောင်ရွှေမြို့နယ် အင်းလေးဒေသ ငါးဖယ်ချောင်းကျေးရွာတွင် ဇူလိုင် ၂၇ ရက်က အခြေခံပညာမူလတန်းကျောင်းဆောင်သစ် ပေးအပ်လှူဒါန်းပွဲ ကျင်းပသည်။

အခမ်းအနားတွင် ကာလတန်ဖိုး ကျပ်ငွေ ၁၂၂သိန်းတန် အခြေခံပညာမူလတန်းကျောင်းဆောင်သစ်ကို အလှူရှင် ငါးဖယ်ချောင်း ကျောင်းထိုင်ဆရာတော်နှင့် တောင်ကြီးမြို့မှ အလှူရှင် ဒေါ်မြရွှေမိသားစုတို့ မြို့နယ်ပညာရေးမှူး ဦးခွန်စိန်မြင့်ထံ ပေးအပ်လှူဒါန်းကြောင်း သိရသည်။ **(၀၂၇)**

# တနိုင်းမြို့လှပရေး ပန်းအလှပင် အစားထိုးစိုက်ပျိုး

**တနိုင်း ဩဂုတ် ၂၀**

ကချင်ပြည်နယ် တနိုင်းမြို့ သာယာလှပရေးအတွက် ဩဂုတ် ၁၆ ရက်က မြို့နယ်စည်ပင်သာယာရေး အဖွဲ့ဝန်ထမ်းများ စုပေါင်း၍ မြို့ဝင်ဆိုင်းဘုတ် တည်ရှိရာ၌ ပေါင်းမြက်ရှင်းလင်းခြင်း၊ ပန်းအလှပင် အစားထိုးစိုက်ပျိုးခြင်းလုပ်ငန်းများကိုအမှုဆောင်အရာရှိ ဦးသောင်းမြင့် နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိုးနေလင်းတို့၏ အနီးကပ်ကြီးကြပ်မှုဖြင့် ဆောင်ရွက်ကြသည်။ **(၄၁၆)**



# ကြည့်ရှုစစ်ဆေး

**ဇူလိုင်၂၃ရက်က မောင်တောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့တွင်းလမ်းများကို မြေကော်စက်ဖြင့် လမ်းပခုံးမြေသား မျက်နှာပြင်ညှိခြင်းလုပ်ငန်းနှင့် ရေမြောင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ရာ အမှုဆောင်အရာရှိဦးဘမြင့်နှင့် တာဝန်ခံအင်ဂျင်နီယာဦးတင်မောင်ဝင်းတို့ ကြည့်ရှုစစ်ဆေးစဉ်။** (မြို့နယ်စည်ပင်)

# ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ
# စာအုပ်နှင့် အလှူငွေများ မိုင်းယု၌ ပေးအပ်လှူဒါန်း

**မိုင်းယု ဩဂုတ် ၂၀**

မိုင်းဖြတ်ခရိုင် မိုင်းယုမြို့ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက်စာအုပ်နှင့်အလှူငွေများပေးအပ်လှူဒါန်းပွဲကို ဩဂုတ်၆ရက်က မိုင်းယုမြို့ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးခန်း၌ ကျင်းပသည်။

**အမှာစကားပြောကြား**

ရှေးဦးစွာ မိုင်းဖြတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးညွန့်က အမှာစကားပြောကြားပြီး မိုင်းဖြတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုင်းဆမ်တစ်က ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

**စာအုပ်လှူဒါန်း**

ထို့နောက် စာအုပ်လှူဒါန်းပွဲကို ကျင်းပရာ ဗိုလ်မှူးအောင်ကျော်စိုး၊ ခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌဒေါ်ချောစုမျိုးညွန့်၊ ခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရီရီလွင်၊မိုင်းယောင်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးကျော်ဇင်၊ မိုင်း ယောင်းမြို့နယ် မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နီလာလှိုင်၊ မိုင်းယုမြို့ အုပ်ချုပ်ရေးမှူး ဦးမြင့်ဖုန်း၊ မိုင်းယုမြို့ရှိ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း အမျိုးသမီးရေးရာအဖွဲ့၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းများက တန်ဖိုးငွေကျပ် ၅၀၀၀၀ကျော်ရှိ စာအုပ်နှင့် အလှူငွေများကို ပေးအပ်လှူဒါန်းရာ မြို့နယ်ဦးစီးမှူး ဦးမောင်ထွန်းကလက်ခံရယူကြောင်း သိရသည်။

**(ဝဲပုံ) (ခရိုင် ပြန်/ဆက်)**



## မှူးယစ်ကင်းစင် အလှဆင်



## ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရန်ရည်ရွယ် တောင်ကြီးမြို့ အခြေခံပညာ ကျောင်းသား ကျောင်းသူများ ရှမ်းပြည်နယ်ယဉ်ကျေးမှု ပြတိုက်၌လေ့လာ

တောင်ကြီး ဩဂုတ် ၂၆

**ရှမ်းပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့နှင့် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့တို့၏ ဦးဆောင်ကြီးကြပ်မှုဖြင့် တောင်ကြီးမြို့ပေါ်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ ရှမ်းပြည်နယ် ယဉ်ကျေးမှုပြတိုက်သို့ လေ့လာခြင်းအခမ်းအနားကို ဩဂုတ် ၂၃ ရက် နံနက် ၉ နာရီက တောင်ကြီးမြို့ ရှမ်းပြည်နယ် ယဉ်ကျေးမှုပြတိုက်၊ ဗုဒ္ဓဘာသာယဉ်ကျေးမှုပြခန်းတွင် ကျင်းပရာ ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်သင်းမျိုးမျိုးအောင်က ကိုဆိုအမှာစကားပြောကြားသည်။**

### ကြည့်ရှုလေ့လာ

ဆက်လက်၍ တောင်ကြီးမြို့ ပေါ်ရှိ ကျောင်းများအနက် ပထမ နေ့အဖြစ် အထက (၂)၊ အမက (၆) တို့မှ ကျောင်းသားကျောင်းသူ ၁၀၃၄ဦး တို့အား ပြည်နယ်ယဉ်ကျေးမှု ပြတိုက်ရှိ ဗုဒ္ဓဘာသာယဉ်ကျေးမှုပြခန်း၊ လွတ်လပ်ရေးသမိုင်းဝင်မှတ်တမ်းများနှင့် ပန်းချီပြခန်း၊ ရှမ်းပြည်နယ် တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှု ပြခန်း(၁-၂)တို့ကိုကြည့်ရှုလေ့လာနိုင်ရန် နာယက ဒေါ်သင်းမျိုးမျိုးအောင်နှင့် အဖွဲ့ဝင်များက ကြီးကြပ်စီစဉ် ဆောင်ရွက်ပေးကြသည်။ **(အပေါ်ပုံ)**

### စီစဉ်ဆောင်ရွက်ပေး

အဆိုပါ လေ့လာရေး အစီအစဉ်ကို ကျောင်းသား ကျောင်းသူ တစ်သောင်းကျော်တို့ ကြည့်ရှုလေ့လာနိုင်ရန် ဩဂုတ် ၂၃ ရက်မှ စက်တင်ဘာ ၁၂ ရက်ထိ ၁၇ ရက်တိုင် ကြီးကြပ်ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်းနှင့် ယနေ့လူငယ်များ မြန်မာနိုင်ငံနှင့် လူမျိုးတို့၏ ယဉ်ကျေးမှု အမွေအနှစ်ကို မြတ်နိုးထိန်းသိမ်းတတ်စေရန် ရည်ရွယ်ချက်ဖြင့် စီစဉ်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။ **(ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့)**



## ထန်းတပင်မြို့တွင်း လမ်းဘေးဝဲယာ စုပေါင်းသန့်ရှင်း

**ထန်းတပင် ဩဂုတ် ၂၀**

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဌေးလှိုင်နှင့်ဝန်ထမ်းများ မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသန်းမြင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ရွှေမြသာနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်ပြည်သူများသည် ဩဂုတ် ၁၂ ရက် နံနက် ၈ နာရီက မြို့တွင်း လမ်းဘေး ဝဲယာ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသည်။

**(အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)**

**တံတားဦး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝင်များ မြို့သာယာသန့်ရှင်းရေးနှင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်းများ တူးဖော်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၁ ရက်က အမှတ်(၂)ရပ်ကွက် လမ်းမတော် လမ်းမကြီး ရေစီးရေလာကောင်းမွန်ရေး ရေနုတ်မြောင်း တူးဖော်မှုကို ဥက္ကဋ္ဌ ဦးအောင်မြင့်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးစဉ်။** (မြို့နယ် ပြန်/ဆက်)



## နေပြည်တော်သမိုင်းဝင်ကျိုက်ကလွန်ဖွန်းစေတီ ဗုဒ္ဓပူဇနိယဘုရားပွဲတော်ကျင်းပမည်

**နေပြည်တော် ဩဂုတ် ၂၀**

ရောဝတီတိုင်း နေပြည်တော်မြို့ ရှေးဟောင်းသမိုင်းဝင် ကျိုက်ကလွန်ဖွန်းစေတီတော် **(ယာပုံ)** ၏(၁၃၄)ကြိမ်မြောက် ဗုဒ္ဓပူဇနိယ ပွဲတော်ကို (၁၃၆၈)ခုနှစ် သီတင်းကျွတ်လဆန်း ၁၂ ရက်မှ လပြည့်ကျော် ၁ရက်(အောက်တိုဘာ ၃ရက်မှ ၇ရက်အထိ) ငါးရက်တိုင်တိုင် ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

### ဆက်သွယ်လှူဒါန်းနိုင်

ဘုရားပွဲတော်ရက်အတွင်း သီတင်းကျွတ်လဆန်း ၁၃ရက်နှင့်၁၄ရက်များတွင် သံဃာ့ဒါန ဆွမ်းလောင်းအသင်း ခုနစ်သင်းမှ စေတီတော်ကြီးအား အလှည့်ကျ ဆွမ်းတော်ကြီး ကပ်လှူပူဇော်မည်ဖြစ်ရာ အလှူရှင်များ ဂေါပကအဖွဲ့ရုံး ဖုန်း-၀၄၄-၇၀၀၄၆ နှင့် ၀၄၄-၇၀၀၅၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**





**မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၆-၂၀၀၇ခု ဘဏ္ဍာရေးနှစ် မြို့ပြရေပေးရေးလုပ်ငန်းဖြစ်သော မြိုင်သာယာရပ်ကွက်လေးလက်မ အဝီစိတွင်းတူးဖော်ခြင်းနှင့် ရေစက်ရုံနှင့် အများသုံးရေကန်များ ဆောင်ရွက်ထားရှိမှု အခြေအနေအား စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်လတ်ကစစ်ဆေးရာ ပြည်နယ်ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်းနှင့် အမှုဆောင်အရာရှိ ဦးအေးဆွေတို့က ရှင်းလင်းတင်ပြစဉ်။** (မြို့နယ် စည်ပင်)

## ရေတာရှည်ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်စည်းဝေး အသင်းလုပ်ငန်းများ စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သူများဂုဏ်ပြု

ရေတာရှည် ဩဂုတ် ၁၅

**ရေတာရှည်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းဝေးနှင့် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည့် အခမ်းအနားကို ဩဂုတ် ၆ ရက်နံနက် ၉ နာရီက မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။**

အစည်းအဝေးတွင် မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သန်းကအမှာစကားပြောကြားပြီး မြို့နယ်အသင်း အတွင်းရေးမှူး ဦးသိန်းမြင့်ထွန်းက အသင်း၏လှုပ်ရှားဆောင်ရွက်မှုများ၊ စည်းရုံးရေးလုပ်ငန်းများ၊ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့မှုများ၊ လူမှုရေး အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းတင်ပြသည်။

### ဂုဏ်ပြုဆုချီးမြှင့်

ထို့နောက် အသင်း၏လုပ်ငန်းများ ဆောင်ခဲ့ရွက်ရာတွင် ၂၀၀၅-၂၀၀၆ ခုနှစ်အတွင်း ထူးချွန်စွာ စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသော စည်းရုံးရေးမှူးများနှင့် အဖွဲ့ဝင် ၁၂ ဦးတို့အား တွဲဖက်အတွင်းရေးမှူး ဦးဇော်ဝင်းခိုင်နှင့် မြို့နယ်အလုပ်အမှုဆောင်များက ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ကြသည်။

### အမှတ်တရ

ဆက်လက်၍ မြို့နယ်အသင်း အတွင်းရေးမှူး ဦးသိန်းမြင့်ထွန်းက အသင်း၏လုပ်ငန်းများတွင် လှုပ်ရှားဆောင်ရွက်နိုင်မှု အခြေအနေများကို အသေးစိတ်ရှင်းလင်းတင်ပြသည်။ ထို့နောက် ၂၀၀၅-၂၀၀၆ ခုနှစ်အတွင်း အသင်းလုပ်ငန်းများတွင် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသည့် အုပ်စုစည်းရုံးရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ စည်းရုံးရေးမှူးများနှင့် အသင်းဝင်များအား အမှတ်တရ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။ **(က-ပ)**



### ဆောင်ရွက်

**ဩဂုတ် ၁၅ ရက်က ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ကျေးလက် ရေရရှိရေးအတွက် ရူပဘူမိဗေဒ တိုင်းတာရေးအဖွဲ့ဖြင့် ကွင်းဆင်းတိုင်းတာမှု အခြေအနေအား အမှုဆောင်အရာရှိ ဦးတင်ဝင်းက ကြီးကြပ်ဆောင်ရွက်ပေးစဉ်။**

(မြို့နယ် စည်ပင်)



**ဩဂုတ် ၁၅ ရက်က ရေးမြို့တွင်း ရေနုတ်မြောင်းများရေစီးရေလာကောင်းမွန်ရေးအတွက် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ မြို့နယ် အမျိုးသမီး ရေးရာ အဖွဲ့ဝင်များ၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ ရပ်ကွက်အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များက အောင်မေတ္တာရပ်ကွက်ရှိ ရေနုတ်မြောင်းအတွင်း အမှိုက်သရိုက်၊ ဒိုက်များ တူးဖော်ရှင်းလင်းခြင်းများ စုပေါင်းဆောင်ရွက်ကြရာ မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးအေးနိုင်တို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။** (မြို့နယ် စည်ပင်)

# ဘုန်းတော်ကြီးစာသင်တိုက်များနှင့် သီလရှင်စာသင်တိုက်များသို့ တပ်မတော် ( ကြည်း၊ ရေ၊ လေ ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်အလှူငွေပေးအပ်လှူဒါန်း

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ စမ်းချောင်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် ၁၅ တိုက်နှင့် သီလရှင်စာသင်တိုက်တစ်တိုက်တို့သို့ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းပွဲတွင် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)



**ရန်ကုန် စက်တင်ဘာ ၃**

ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် ၁၅ တိုက်နှင့် သီလရှင် စာသင်တိုက် တစ်တိုက်တို့သို့ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင် ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီက ရန်ကုန် အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ် ကိုးထပ်ကြီးဘုရားပရိဝုဏ်ရှိ သင်္ဃသုခမ္မာရုံကြီး၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည်ညိုပြီး ဆရာတော် သံဃာတော်များအား သင့်န်းအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ✡

## နေပြည်တော် မိုးလေဝသအခြေအနေ

**နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ (စက်တင်ဘာ ၄ ရက်) ၌ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။**




**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းထံ အလှူရှင်များကိုယ်စား သဃ်န်းကျွန်းမြို့နယ် (ဃ)ရပ်ကွက်မှ ဦးသင်းအောင်က အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။**

ဓာတ်ပုံ–သိန်းဝင်းလေး(မြန်မာ့အလင်း)

## မြို့အင်္ဂါရပ်များနှင့်အညီ သန့်ရှင်းကျန်းမာစေရေး ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် ကျန်းမာသန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်

**ရန်ကုန် စက်တင်ဘာ ၃**

ရန်ကုန်မြို့ကို နိုင်ငံတကာအဆင့်မီ မြို့အင်္ဂါရပ်များနှင့်အညီ သန့်ရှင်းကျန်းမာသည့် မြို့အဖြစ် စနစ်တကျ တည်ဆောက်နိုင်ရန်အတွက် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် ကျန်းမာသန့်ရှင်းခြင်း လုပ်ငန်းဆောင်ရွက်မှုသည် အဓိက ကျလှပေသည်။ ရန်ကုန်မြို့ပတ်ဝန်းကျင်အား စိမ်းလန်းစိုပြည်သပ်ရပ်စေခြင်း၊ မြို့နေပြည်သူများ ကျန်းမာစေခြင်းတို့ဖြင့် ခေတ်မီ မြို့အင်္ဂါရပ်နှင့် ပြည့်စုံသည့် အခြေအနေကို ရောက်ရှိရန် စီမံချက်များ ချမှတ် ဆောင်ရွက်လျက်ရှိသည်။ *စာမျက်နှာ ၉ ကော်လံ ၁* ●



**စက်တင်ဘာ ၃ ရက်က ရန်ကုန်တိုင်း (၁၄)ကြိမ်မြောက် အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲများကို ကျိုက္ကဆံကွင်း ဆရာစံခန်းမတွင်ကျင်းပရာ အမျိုးသမီးဝါသနာရှင်အဆင့် အကပြိုင်ပွဲတွင် အနောက်ပိုင်းခရိုင် လသာမြို့နယ်မှ မဟန်နွေညိမ်း ပါဝင် ယှဉ်ပြိုင်ဟန်။** (သတင်းအကျယ်–၇)

ဓာတ်ပုံ–သိန်းဝင်းလေး(မြန်မာ့အလင်း)

## အသက်( ၁၇ )နှစ်အောက် အာရှလူငယ်ဘောလုံးပြိုင်ပွဲ မြန်မာလူငယ်လက်ရွေးစင်ဘောလုံးအသင်းယှဉ်ပြိုင်မည်

**သတင်းဆောင်းပါး ကိုထွေး**

ရန်ကုန် စက်တင်ဘာ ၃

**အာရှဘောလုံးအဖွဲ့ချုပ် (ᐟAFC)က ကြီးမှူးကျင်းပသည့် အသက်(၁၇)နှစ်အောက် အာရှလူငယ်ဘောလုံးပြိုင်ပွဲကို စင်ကာပူနိုင်ငံ၌ စက်တင်ဘာ ၃ ရက်မှ ၁၇ ရက်အထိ ကျင်းပလျက်ရှိရာ အသက်(၁၇)နှစ်အောက် မြန်မာလူငယ် လက်ရွေးစင်ဘောလုံးအသင်း ပါဝင် ယှဉ်ပြိုင်မည်ဖြစ်သည်။ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမား စုစုပေါင်း အဖွဲ့ဝင် ၂၅ ဦးပါဝင်သော အသက်(၁၇)နှစ်အောက် မြန်မာလူငယ် လက်ရွေးစင်ဘောလုံးအသင်းသည် စက်တင်ဘာ ၁ ရက် နံနက်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် စင်ကာပူနိုင်ငံသို့ ထွက်ခွာသွားခဲ့ကြသည်။**

### အုပ်စုပွဲစဉ်

အသက်(၁၇)နှစ်အောက် အာရှလူငယ်ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များ ရေးဆွဲထားရာ စက်တင်ဘာ ၄ ရက် **(ယနေ့)**တွင် မြန်မာနှင့် လာအို၊ စက်တင်ဘာ ၆ ရက်တွင် မြန်မာနှင့် မြောက်ကိုရီးယား၊ စက်တင်ဘာ ၈ ရက်တွင် မြန်မာနှင့် ဆော်ဒီအာရေဗျတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ *စာမျက်နှာ ၉ ကော်လံ ၅* ■